> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့ သည်တိုးပွားကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၄၀)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ - ၃ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးရုံးအဆောက်အဦများအား ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား

**နေပြည်တော်    မေ  ၂၇**

မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အဦနှင့် အလုပ်သမားဝန်ကြီးဌာနရုံးအဆောက်အဦတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ✮**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၂၈ ရက်)

# ပြည်သူလူထုအကျိုးစီးပွား အလေးထား

တပ်မတော်သားတိုင်းသည် စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံပြီး တပ်မတော်၏ ဂုဏ်ကို မြှင့်တင်နေကြသူများဖြစ်သကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူအပေါ်သစ္စာစောင့်သိရိုသေလျက်ရှိကြသည်။ ထို့ပြင် ပြည်သူလူထု၏အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးနေကြသူများဖြစ်ကြသည်။ စစ်စည်းကမ်းကို တိကျစွာလိုက်နာကြရပြီး တာဝန်ကိုကျေပွန်စွာထမ်းဆောင်နေကြရသည်။ မိမိလက်နက်ကိုခင်မင်မြတ်နိုးသည့်စိတ်၊ မိမိကိုယ်ကိုအားကိုးယုံကြည်သည့်စိတ်ဖြင့် နိုင်ငံနှင့်ပြည်သူအပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်ကို စွန့်လွှတ်စွန့်စားရဲရဲရင့်ရင့်ရင်ဆိုင်ကြသည်။ ပါးစပ်ကသာ တိုင်းပြည်ကိုချစ်ကြသူများမဟုတ်ဘဲ အလုပ်ဖြင့်လက်တွေ့လုပ်ဆောင်ကာ ချစ်ပြနေသူများဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် တပ်မတော်တစ်ရပ်ခိုင်ခိုင်မာမာရှိနေသည့်အတွက် လွတ်လပ်ရေးရရှိခဲ့သည့်အပြင် ရရှိထားသောလွတ်လပ်ရေးမဆုံးရှုံးစေရန်လည်း ကာကွယ်ထားနိုင်သည်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ဆိုသည်မှာ တပ်မတော်သားများ၏အဓိကတာဝန်ဖြစ်သကဲ့သို့ နိုင်ငံသားတိုင်းထမ်းဆောင်ရမည့် တာဝန်လည်းဖြစ်သည်။ တပ်မတော်သို့ဝင်ရောက်လာကြသူများမှာ နိုင်ငံကိုချစ်မြတ်နိုးသည့် စိတ်အရင်းခံကြသူများဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ကျန်းမာရေး ကောင်းမွန်စေရေးသတ်မှတ်ထားသည့် ကိုယ်ခန္ဓာကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို နေ့စဉ်ဆောင်ရွက်နေကြရသည်။ ကျန်းမာအောင်နေထိုင်ကြရသလို သန်စွမ်းအောင်လေ့ကျင့်ကြရသည်မှာ ပြည်သူလူထု အကျိုးစီးပွားပိုမိုသယ်ပိုးနိုင်ရန်ဖြစ်သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်နေရသည့်အပြင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း တပ်မတော်အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသစီးပွားတိုးတက်ရေးအတွက်လည်း တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များအား ဒေသခံပြည်သူများကို ထိုက်သင့်သည့်ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်မည်ဆိုပါက ဒေသစီးပွားရေးအတွက်အထောက်အကူပြုမည်ဖြစ်သည်။ ထို့အတူ တစ်ဦးချင်းဆောင်ရွက်နိုင်သည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ ဒေသအလိုက်လုံခြုံတည်ငြိမ်အေးချမ်းပါက ဒေသ၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ သက်ဆိုင်ရာဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မှုမှသည် နိုင်ငံ့စီးပွားမြှင့်တင်မှုကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၃ ရက် မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရန်အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၏ တစ်ဦးချင်းအရည်အချင်းများပြည့်ဝစေရေး အဆင့်အလိုက်သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ တစ်ဦးချင်းအနေဖြင့် ကျန်းမာရေးကောင်းမွန်စေရေး သတ်မှတ်ထားသည့်ကိုယ်ခန္ဓာကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို နေ့စဉ်ဆောင်ရွက်နေရန်လိုပြီး ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိမှသာ တိုက်စွမ်းရည်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ပြည့်ဝစေရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့်အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

အဖွဲ့အစည်းတစ်ခု ကျစ်လျစ်ခိုင်မာစွာရှိနေရန်မှာ စည်းလုံးညီညွတ်မှုကိုတည်ဆောက်ထားနိုင်ရမည်ဖြစ်သည်။ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ မိမိတို့တပ်အတွင်းနှင့် တပ်အချင်းချင်း စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်သည်။ အရာရှိ၊ စစ်သည်၊ မိသားစုများအချင်းချင်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမသဖွယ်စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံးနေထိုင်ကြရမည်ဖြစ်သည်။ ထို့ပြင် ပေးအပ်လာသည့်အမိန့်နှင့်တာဝန်ကို ကျေပွန်စွာတာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ တွေ့ကြုံနေရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း **“တောင်ကြီးဖဝါးအောက်”** ဟူသည့်စိတ်ဓာတ်များမွေးမြူ၍ ကျော်လွှားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ဒေသအကျိုး၊ ဒေသခံများ၏အကျိုးကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်သည်။ စုစည်းညီညွတ်သည့်အားများဖြင့် ပြည်သူလူထု၏အကျိုးစီးပွား၊ နိုင်ငံ၏အကျိုးစီးပွားကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်သည်။ တပ်မတော်သည် ပြည်သူ့အတွက်ဆိုသည့်အတိုင်း ပြည်သူလူထု၏ ကောင်းကျိုးစီးပွားကိုပိုမိုသယ်ပိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

လှိုင်ကော် မေ ၂၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး နေ့အခမ်းအနားကို ကယားပြည်နယ် လှိုင်ကော်မြို့ ခန်းမဆောင်၌ မေလ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများအတွက် ဝတ်စုံနှင့်ချီးမြှင့်ငွေများပေးအပ်ရာ ပြည်နယ်ပညာရေးမှူး ဒေါ်တင်တင်အေးက လက်ခံရယူကာ ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအတွက် ဆန်နှင့်ဆီများပံ့ပိုးခြင်းကို ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူပြီး အထက်တန်းအဆင့် အခမဲ့ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် ခဲတံများကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားနှစ်ဦးက လက်ခံရယူသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက စီမံဝန်ထမ်းများအတွက် ရုံးဝတ်စုံနှင့် ပံ့ပိုးငွေများကိုလည်းကောင်း၊ အလယ်တန်းအဆင့်အခမဲ့ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့်ခဲတံများကိုပေးအပ်ရာ ကိုယ်စားလှယ်နှစ်ဦးစီက လက်ခံရယူသည်။

ဆက်လက်၍ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးက မူလတန်းအဆင့်အခမဲ့ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့်ခဲတံများပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူ ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကြောင်း သိရသည်။ (၄၀၅)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၈-၅-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံ့ဝန်ထမ်းဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၉ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဓ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဓ) ရာထူးဝန်အဖွဲ့က ရာထူးအဆင့်အလိုက်သတ်မှတ်ထားသောသင်တန်းများအပြင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းများကိုလည်း တက်ရောက်ခြင်း၊”

**ရှင်းလင်းချက်။** ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းဆိုသည်မှာ ယင်းရာထူးတာဝန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အသိအမှတ်ပြုသောသင်တန်းကိုဆိုသည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“ပုဒ်မ ၂၉။ အထူးကိစ္စရပ်မှအပ ဝန်ထမ်းကို ရာထူးတိုးမြှင့်ခန့်ထားရာတွင် -

(က) ရာထူးဝန်အဖွဲ့က သက်ဆိုင်ရာ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသော သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

( ခ ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးတာဝန် အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။”

**ရှင်းလင်းချက်။** အထူးကိစ္စရပ်ဆိုသည်မှာ ဝန်ထမ်း၏လုပ်ငန်းစွမ်းဆောင်ရည်ပေါ်မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ရာထူးတိုးမြှင့်ပေးသင့်သည်ဟု သုံးသပ်ဆုံးဖြတ်သောကိစ္စရပ်ကို ဆိုသည်။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၅ ပါ “ဗဟိုဝန်ထမ်းတက္ကသိုလ်များ” ဆိုသည့်စကားရပ်ကို “နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှု ကွင်းဆင်းကြည့်ရှု



**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သို့လည်းကောင်း၊ ယနေ့တွင်နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့လည်းကောင်း သွားရောက်၍ ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ်တွင် တက္ကသိုလ်အလိုက် ဖွင့်လှစ်သွားမည့်သင်တန်းများနှင့်ပတ်သက်၍ အုပ်ချုပ်ရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာများကြိုတင်ပြင်ဆင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များအလိုက် ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ နိုင်ငံတော်ကချမှတ်ထားသော နိုင်ငံ့ဝန်ထမ်းမျှော်မှန်းချက်ကို ဦးတည်သောသင်ကြားမှုများဖြစ်စေရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းမျှော်မှန်းချက်သည် နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို ရှေးရှုမြော်တွေး၍ သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ မိမိတို့သင်ကြားပေးလိုက်သော နိုင်ငံ့ဝန်ထမ်းများသည် နောင်ဆယ်စုနှစ်များသို့ရောက်သည့်အခါ နိုင်ငံတော်နှင့် ပြည်သူများအတွက် အားကိုးအားထားပြုနိုင်မည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ ရုံးလုပ်ငန်း၊ စီမံခန့်ခွဲရေး၊ ခေါင်းဆောင်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုများ တတ်ကျွမ်းနားလည်စေရေး ရာထူးအဆင့်အလိုက် တစ်ဆင့်ချင်းလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ စားသောက်ရေးအတွက် အထောက်အကူဖြစ်စေရန် တက္ကသိုလ်အလိုက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သင်တန်းအိပ်ဆောင်များ၊ စားရိပ်သာများနှင့် စာသင်ဆောင်များကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“နိုင်ငံတကာထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ကြိုးစားလာတဲ့ NUG၊ PDF ”**ခေါင်းစဉ်ဖြင့် ၂၈-၅-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူ့ကျိန်စာတန်ပြန်ခံနေရတဲ့ PDF များ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# လေျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေဆက်လက် လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့်မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၉-၅-၂၀၂၅ ရက် (ကြာသပတေးနေ့)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဒုတိယအကြိမ်အဖြစ် ဆက်လက် လက်ခံသွားမည်ဖြစ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆောလျင်စွာ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ဒေါ်လှဲ့လှဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးညီညီနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉-၅၀၅၂၃၅၂

(၃) ဒေါ်ဖြူဖြူဝင်း၊ ညွှန်ကြားရေးမှူး
ဖုန်းနံပါတ် ၀၉-၄၃၀၅၄၈၄၄
ရုံးဖုန်း ၀၆၇-၄၀၄၇၀၂၊ ၀၆၇-၄၀၄၇၀၁၊ ၀၆၇-၄၀၄၇၁၀

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# လေျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေလ ၂၇ ရက်အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၈ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအားရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **မြဝတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း


**ယမန်နေ့မှအဆက်**

### ဝတ္ထုများ ရေးပြန်ခြင်း

ဤအတောအတွင်း ကျွန်ုပ်သည် လခမရှိ၊ အခွင့် တစ်လပြီးတစ်လ ဆက်ခါဆက်ခါ ယူလျက်ရှိရာ သူရိယတိုက်သည် ကျွန်ုပ်၏စာကိုမပြန်ဘဲ အခွင့်ကိုသာ ဆက်ခါဆက်ခါပေးလျက်ရှိ၏။ ထိုအချိန်တွင် ဦးစောမှာ အင်္ဂလန်သို့သွားပြီဖြစ်၍ ကျွန်ုပ်မှာ အားကိုးတစ်ခုလျော့လျက်ရှိသည်နှင့် မလျော့မတင်းရှိစေခြင်းငှာ အလုပ်လည်းပြန်၍မဝင်။ ကျွန်ုပ်တင်ထားသည့် စာအကြောင်းကိုလည်း ထပ်၍မနှိုးဆော်ဘဲ ဆက်ခါဆက်ခါ ခွင့်စာတင်လျက်ရှိ၏။ အခွင့်မပေးနိုင်၊ ပြန်၍ ဝင်ရမည်ဆိုလျှင်လည်း အလုပ်မှနုတ်ထွက်ရန် ဆုံးဖြတ်ထားလေသည်။ ဤအတောအတွင်း ဦးညွန့်၏ဟံသာဝတီပုံနှိပ်တိုက်နှင့် အိုင်ဗင်ဟိုဝတ္ထုကို ဘာသာပြန်ရန် ဆက်သွယ်ထားလေသည်။ ယင်းအလုပ်မှာ တောရွာလေးတွင်နေ၍ ခပ်ချောင်ချောင်လုပ်ရင်း သူရိယတိုက်အလုပ်ထက် မနည်းသောဝင်ငွေရှိခြင်းကို ဦးညွန့်လည်းသိစေရန် ရည်ရွယ်ချက်ရှိလေသည်။ ထို့ပြင်လည်း နဂါးနီစာအုပ်တိုက်အတွက် အေဗရာဟမ်လင်ကွန်းမှစ၍ ဦးအုန်းခင်၊ ဒဂုန်ခင်ခင်လေးတို့၏ ပုံနှိပ်တိုက်အတွက်လည်း ရှောလမုန်သိုက်၊ ရတနာသိုက်စသော ဘာသာပြန်ဝတ္ထုများ၊ ထို့ပြင် ယခုလူထုတိုက်ဖြစ်နေသည့် ကြီးပွားရေးတိုက်အတွက်လည်း ပထမံဆရာသိန်းဝတ္ထုရေးပေးဖို့ စီစဉ်ထားလေသည်။ ကျွန်ုပ်တွေးမိသည်မှာ သူရိယဒါရိုက်တာတစ်ဦး ဖြစ်သော ဦးညွန့်သည် ကျွန်ုပ်အား သူရိယတိုက်မှ ထွက်ပြီး ဝတ္ထုရေးသမားဘက်သို့ ကူးပြောင်းသွားမည်ကို နှမြောသောကြောင့် ဝတ္ထုရေးခြင်းအလုပ်ကို အားပေးချင်သည့် လက္ခဏာမရှိချေ။ (ဟုတ်၊ မဟုတ်ကား မပြောတတ်သေး၊ သို့သော် နောက်ပိုင်း၌ ဖော်ပြလတ္တံ့သောအဖြစ်အပျက်များကမူ သက်သေခံလျက်ရှိပါသည်။)

### ဦးညွန့်က ဝမ်းချပြန်ခြင်း

တစ်နေ့သ၌ သူရိယတိုက်မှ ကြေးနန်းတစ်စောင် ရ၍ဖတ်ကြည့်ရာ ရန်ကုန်သို့ချက်ချင်းလာဖို့ မှာကြားခြင်းဖြစ်သည်ကို တွေ့ရ၏။ ဤတွင် ကျွန်ုပ်တို့ အမျိုးမျိုးတွေးရသည်။ ကျွန်ုပ်တောင်းသောလခကို ပေးချင်၍လော၊ သို့တည်းမဟုတ် အလုပ်ပြန်ဝင်ဖို့ ခေါ်ယူခြင်းလော သို့မဟုတ် ၎င်းကိစ္စအတွက် ဆွေးနွေးချင်၍လော မပြောတတ်အောင် ဖြစ်နေကြ၏။ ရန်ကုန်သို့ ရောက်သောအခါ ကျွန်ုပ်တို့၏အတွေးအခေါ်များ အားလုံးချော်သည်ကို တွေ့ရ၏။ (မောင်စံရှားလည်း မှားသောအခါမျိုးရှိပေမည်။) အဖြစ်အပျက်အမှန်မှာ လူတစ်ယောက်က သူရိယသတင်းစာတွင် ပါရှိသော သတင်းတစ်ခုအတွက် သူရိယတိုက်အား အသရေဖျက်မှုနှင့် တရားစွဲထားသဖြင့် ကျွန်ုပ်မှာ တာဝန်ခံ အယ်ဒီတာဖြစ်သည့်အလျောက် တရားခံအဖြစ်နှင့်



ရုံးတက်ရန် ဖြစ်လေသည်။ ထိုသတင်းမှာ သတင်းအယ်ဒီတာ ကိုသိန်းမောင်က ထည့်လိုက်ခြင်းဖြစ်၍ ကျွန်ုပ်လည်း ဘာမျှမမြင်လိုက်ရဘဲ တရားခံဖြစ်ရခြင်း ဖြစ်လေသည်။ အမှုမှာ ရန်ကုန်မြို့ ရုံးတစ်ရုံး၌ တရားရင်ဆိုင်ရန်ဖြစ်၏။ ရန်ကုန်၌ရှိစဉ် သူဌေးဦးညွန့်က ကျွန်ုပ်အား တွေ့ချင်သည်ဆို၍ အိမ်သို့သွားရပါသေးသည်။ ဦးညွန့်က ကသာမြို့၌ အနေအထိုင် အကြောင်းမေးရာ အခြားအရာများကိုအပထား၍ အသက်ရှူအလွန်ချောင်လှကြောင်း၊ ရန်ကုန်သို့ ခေတ္တလာရခြင်းပင် အသက်ရှူကျပ်လှ၍ အမှုပြီးလျှင် ချက်ချင်းပြန်ပြေးမည့်အကြောင်း အားရပါးရပြောပြလေသည်။

"ဒါဖြင့် ဦးဖေသိန်း ရန်ကုန်ပြန်မလာချင်တော့ဘူးလား"

"တန်ရာတန်ဖိုးရရင်တော့ အကြောင်းကြောင်းထောက်ထားပြီး ပြန်လာရမှာပေါ့ခင်ဗျာ"

"ဘယ်လိုအကြောင်းကြောင်းလဲဗျာ"

"ဒီခေတ်မှာ မင်းနေပြည်တော်ဖြစ်လို့မို့ နေချင်စရာအချက်လေးတွေလည်း ရှိပေသပေါ့ခင်ဗျာ"

"တန်ရာတန်ဖိုးဆိုတာ ဘယ်လောက်လဲဗျာ"

"ကျွန်တော်တောင်းထားတဲ့အတိုင်း ၄၅၀ ကျပ် ပေါ့ခင်ဗျာ"

"၄၅၀ ကျပ်ဆိုတာ ဦးဖေသိန်းဖြတ်တဲ့ တန်ဖိုးကိုးဗျ"

ကျွန်ုပ် အနည်းငယ်စိတ်ထွက်လာသည်။

"ကျွန်တော်ဖြတ်တဲ့နှုန်းဟာ အရမ်းဖြတ်တာ မဟုတ်ပါဘူးခင်ဗျာ၊ ၇၅၀ ကျပ် ယူနေတဲ့လူတွေက ကျွန်တော့်ထက် ပိုတတ်ကြတယ်မထင်ပါဘူး၊ ဟိုရှေးတုန်းက ဦးဘကလေး ၁၆၀ ကျပ် ရကတည်းက ကျွန်တော်ဟာ ၁၃၀ ကျပ် ရခဲ့တဲ့လူပါ"

"အယ်ဒီတာအဖွဲ့မှာ ဦးဖေသိန်းတစ်ယောက်တည်းမဟုတ်လေတော့ တစ်ယောက်ကိုပေးရင် ကျန်လူတွေကလည်း လိုချင်ပေလိမ့်မယ်။ ဒီတော့ ဒီလို လုပ်ကြစို့လားဗျာ"

"ဘယ်လိုလဲ ခင်ဗျာ"

"အလုပ်ပြန်ဝင်ဝင်ချင်း လခ ၂၅ ကျပ်တိုးယူဗျာ၊ နောင်ကို သုံးလမှာတစ်ကြိမ် အစိတ်အစိတ်တိုးပေးပါမယ်။ သို့သော် သူရိယတိုက်လခစာရင်းထဲမှာ မပြဘဲ ကျွန်တော့်ဆီလာယူပါ။ ကျွန်တော်က ပေးပါမယ်"

"ဒီငွေကို သူရိယကပေးတာလား၊ ဦးညွန့်က ပေးတာလားခင်ဗျာ"

"ဦးစောက မှာခဲ့တယ်။ ဒီလူကို လက်မလွှတ်ပါစေနဲ့တဲ့၊ သူနဲ့ကျွန်တော်နဲ့ နောက်တော့ ကြည့်ရှင်းရမှာပဲ၊ အခုအတောအတွင်းတော့ ကျွန်တော်က လုံးဝတာဝန်ယူပါတယ်"

"အယ်ဒီတာချုပ်ကိစ္စကရော ဘယ်ရောက်သွားသလဲခင်ဗျာ"

"ဒါလည်းပဲ ဦးစောပြန်ရောက်လာမှ ကြည့်လုပ်ပါမယ်တဲ့၊ မှာခဲ့ပါတယ်"

"ကျွန်တော် တောင်းထားတာနဲ့ အများကြီးကွာနေတာပဲ၊ ကျွန်တော့်ခွင့်ရက်လ မစေ့သေးပါဘူး။ စဉ်းစားဖို့အချိန် ရှိပါသေးတယ်။ ခွင့်ရက်စေ့ခါနီးတော့မှ ကျွန်တော် စကားပြန်ပါရစေ" ဟု ပြောကာ ပြန်လာခဲ့ပါသည်။

ကျွန်ုပ်အား ပုဒ်မ ၅၀၀ နှင့် တာဝန်ခံအယ်ဒီတာ အနေဖြင့် တရားစွဲသောအမှုမှာ ရုံး၌ဆိုင်ရသောအခါ ရက်ပေါင်း ၂၀ မျှကွာ၍ နောက်တစ်ကြိမ်အတွက် ချိန်းလိုက်၏။ ကျွန်ုပ်သည် ထိုရက် ၂၀ မျှနှင့် ကသာသို့ မပြန်ချင်ဘဲ ရန်ကုန်၌ပင် စောင့်နေချင်သည်ဟု ဦးဘကလေးအားပြောပြရာ ကသာနှင့်ရန်ကုန် အသွားအပြန် ဒုတိယတန်းမီးရထားခနှင့်ညီမျှသည့် ငွေ ၁၀၀ ကျပ်ခန့်ကို ထုတ်ပေးပါသည်။

သူရိယတိုက်မှလူကြီးများက ကျွန်ုပ်အပေါ်၌ ဆက်ဆံကြပုံမှာ ကျွန်ုပ်အား လခ ဟုတ်တိပတ်တိ တိုးပေးဖို့မှတစ်ပါး ဘာမဆိုလိုက်လျောကြပါပေသည်။ အလုပ်လုပ်စဉ်ကလည်း ကျွန်ုပ်သည် နေ့တစ်ဝက်မျှသာ တိုက်တွင်ထိုင်၍ ကျန်သောအချိန်ကို ဟိုတယ်ဘိလိယက်ခုံတွင် ဖြုန်းလေ့ရှိ၏။ ကျွန်ုပ်ဘက်မှ ဝတ်ကျေပုံမှာလည်း တခြားခေါင်းကြီးရေးသမားများသည် မွန်းလွဲ ၂ နာရီလောက်တွင်မှ ခေါင်းကြီးကိုရေးတင်ကြရာ ကျွန်ုပ်မူကား ၁၂ နာရီ မထိုးမီ ခေါင်းကြီးရော မှတ်ချက်ပါတင်နိုင်သည်ချည်း ဖြစ်၏။ (သတင်းနှင့်မှတ်ချက်ခန်းမှာ သူရိယသတင်းစာတွင် အစဉ်အလာမရှိ၊ ကျွန်ုပ်ရောက်သောအခါမှ စတင်တီထွင်ကာ တစ်ခန်းဖွင့်ခြင်းဖြစ်လေသည်။) ဦးဘကလေးသည် ကျွန်ုပ်၏တာဝန်ဝတ္တရားနှင့် ပတ်သက်၍ ဆိုဖွယ်ရာမရှိ၊ အလွန်ကျေနပ်ခြင်းကို ကျွန်ုပ်သိပါ၏။ (ဝတ္တရားနှင့်ပတ်သက်၍ အလွန်စိတ်ချယုံကြည်ရသော လူတစ်ယောက်ဖြစ်သည်ဟု ထောက်ခံစာရေးပေးဖူးပါသည်။) သို့ရာတွင် လခတိုးပေးဖို့မူကား သူ့ထက် ဂျူနီယာဦးစောနှင့် ဦးညွန့်တို့က ကြိုးကိုင်နိုင်ကြသည်ဟု ကျွန်ုပ်အကဲခတ်မိသည်။

သို့ဖြစ်၍ ကျွန်ုပ်ကလည်း အလုပ်လုပ်စဉ် ကျေနပ်လောက်အောင် လခတိုးမပေးသည့်အတူတူ ထင်သလိုနေမည်ဆိုသည့်သဘောနှင့် နွဲ့ဆိုးဆိုးသည့်နှယ် ခေါင်းကြီးနှင့်မှတ်ချက်ကို အချိန်မီတင်ပြပြီး သွားချင်ရာ သွားနေတတ်၏။ ဤနောက်ပိုင်း၌ အသက်အရွယ် အလျောက် လက်နှေးလာပြီဖြစ်သော်လည်း ထိုစဉ်ကမူ လက်ရော ဦးနှောက်ပါ အတော်မြန်ဆန်ခဲ့ဖူးပါသည်။ ဦးဘကလေးသည်လည်းကောင်း၊ ဦးစောသည်လည်းကောင်း ကျွန်ုပ်အား အလုပ်ဝတ္တရားနှင့် ပတ်သက်၍ မကျေနပ်သောလေသံမျိုးပြောခြင်းအားဖြင့် တစ်ကြိမ်တစ်ခါမျှ စိတ်ညှိုးငယ်အောင် မပြုလုပ်ကြဖူးပေ။

တစ်ခါတစ်ရံ ညနေပိုင်းတွင် ကျွန်ုပ်အား ပြောစရာစကားရှိ၍ ကျွန်ုပ်မရှိခိုက်ဖြစ်ခဲ့လျှင် စာဖြင့်ရေးမှတ်ထားပြီး နောက်တစ်နေ့တွင်မှ ပြောလေ့ရှိကြပါသည်။ ကြီးပွားရေးအတွက်လည်းကောင်း၊ ငွေအတွက်လည်းကောင်း များစွာအာရုံမခံလင့်သည့် ကျွန်ုပ်အဖို့မှာ လခနည်းလေသမျှ ဤအခွင့်အရေးနှင့်ပင် ထေမိသကဲ့သို့ သဘောထားနိုင်ပါသည်။

### လောဘကြောင့်မဟုတ် မာနကြောင့် တောင်းခြင်း

ဦးဘကလေးနှင့်တွေ့ရာတွင် ကျွန်ုပ်က ဦးညွန့်နှင့် တွေ့ခဲ့ကြောင်း ပြောရုံပြော၍ အကဲခတ်ကြည့်၏။ ဦးဘကလေးသည် ကျွန်ုပ်အား လခအရစ်ကျတိုးပေးမည်ဆိုခြင်းကို မသိ၍သော်လည်းကောင်း၊ သို့တည်းမဟုတ် မသိချင်ပြုနေခြင်းသော်လည်းကောင်း ကျွန်ုပ်မပြောနိုင်။ သူကိုယ်တိုင်က ဘာမျှမပြောဘဲ ဆိတ်ဆိတ်သာနေလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ကသာမြို့ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ နွေရာသီသင်တန်းများဆင်းပွဲကျင်းပ

ကသာ မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယအကြိမ် နွေရာသီ သင်တန်းများဆင်းပွဲကို မေလ ၂၆ ရက်က ကသာမြို့ရှိ ခရိုင်ရုံးလူထုအခြေပြုဗဟို ဌာန၌ ကျင်းပသည်။

အဆိုပါ နွေရာသီသင်တန်းများတွင် အခြေခံအကပညာသင်တန်း၊ အခြေခံ ကဗျာရေးစပ်နည်းသင်တန်းနှင့် လက်မှုပညာသင်တန်းများကို ဒုတိယအကြိမ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ ကသာခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက အမှာစကားပြောကြားရာတွင် လူငယ်လူရွယ်များ အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရန်၊ သင်ခန်းစာပညာ ဘာသာရပ်များကို စနစ်တကျလေ့လာနိုင်စေရန်၊ ကျွမ်းကျင်တတ်မြောက်ပါက မိမိတို့လူငယ်များအနေဖြင့် လက်တွေ့နယ်ပယ်၌အသုံးချနိုင်ရန် ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ အိမ်တွင်းမှုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမာမြင့်နှင့် ကသာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဘမောင်(ကိုဘ - ကသာ) တို့က သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

ထို့နောက် အကောင်းဆုံးကြိုးစားသင်ကြားပေးခဲ့သော သင်တန်းနည်းပြများကို အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး သင်တန်းသားများက အခြေခံအကပညာများဖြင့် ကပြဖျော်ဖြေကြရာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သော အဆိုပါသင်တန်းများကို မေလ ၅ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စွာထွန်း(ကသာ)

# နိုင်ငံပိုင်နှင့်ပုဂ္ဂလိကကဏ္ဍတွင်ရှိသော စက်ရုံများ၊ အလုပ်ရုံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်စက်မှုလုပ်ငန်းအဖြစ် ရေရှည်ရပ်တည်နိုင်ပြီး အရည်အသွေးကောင်းမွန်သော စက်မှုထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၇

စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏(၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် စက်မှုဖွံ့ဖြိုးရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်မှာ ပြည်တွင်းစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းရှိစက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စက်မှုလုပ်ငန်းစီမံကိန်းအသစ်များ စနစ်တကျထူထောင်အကောင်အထည်ဖော်နိုင်ရေးဖြစ်ကြောင်း၊ ထို့ကြောင့်သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကကဏ္ဍတွင်ရှိသော စက်ရုံများ၊ အလုပ်ရုံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုလုပ်ငန်းအဖြစ် ရေရှည်ရပ်တည်နိုင်ပြီး အရည်အသွေးကောင်းမွန်သော စက်မှုထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် One Stop Service (OSS) အစီအစဉ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်(၁၆)ချက်နှင့်ပတ်သက်၍ လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ရမည့် တာဝန်ခံဝန်ကြီးဌာနများလည်း သတ်မှတ်ပြီးဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏စက်မှုဖွံ့ဖြိုးရေးကဏ္ဍကို အထောက်အကူပြုနိုင်ရေးအတွက် မိမိတို့အကောင်အထည်ဖော်ပေးရမည့်လုပ်ငန်းတာဝန်အလိုက် တာဝန်ခံဌာန သို့မဟုတ် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခဲ့မှုများကို လစဉ်တင်ပြပေးစေလိုကြောင်း၊ သို့မှသာ KPI များနှင့် Target များအတိုင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring & Evaluation) ဆောင်ရွက်မည့်ဌာနသို့ပေးပို့ပြီး စိစစ်သုံးသပ်နိုင်မည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင်ပြန်လည်ထူထောင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေ၊ သံမဏိ အစရှိသည့်ပစ္စည်းများ လိုအပ်လျက်ရှိရာ ပြည်တွင်း၌တည်ဆောက်ပြီးဖြစ်သည့်စက်ရုံများကို စွမ်းအားပြည့်လည်ပတ်နိုင်ရေးပံ့ပိုးပေးရန်လိုအပ်သကဲ့သို့ စက်ရုံသစ်စီမံကိန်းများ တိုးပွားလာရေးကိုလည်း တစ်ပြိုင်နက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ကြမ်းများ အသုံးပြုပြီး သွင်းကုန်အစားထိုးထုတ်လုပ်ရန် ကြိုးပမ်းနေသကဲ့သို့ ပြည်ပမှကုန်ချောများ တိုက်ရိုက်တင်သွင်းခြင်းအစား တစ်ဝက်တစ်ပျက်ကုန်ချော(Semi Product) များ တင်သွင်းပြီး ပြည်တွင်း၌ ကုန်ချော (Finished Product)များ ထုတ်လုပ်နိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေ အသုံးပြုမှုလျှော့ချနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေးကော်မရှင် အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များ၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်သို့ တင်ပြလာသည့် အမှာစာများကိုလည်းကောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံများပြန်လည်ထူထောင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေ၊ သံချောင်းလုံးနှင့် Steel Structure များလိုအပ်မှု၊ ပြည်တွင်းဘိလပ်မြေစက်ရုံများနှင့် သံမဏိစက်ရုံများ၏ထုတ်လုပ်မှု၊ ကုန်ကြမ်းလိုအပ်မှုနှင့် ဘိလပ်မြေနှင့် သံချောင်းလုံးတင်သွင်းရမည့်အခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာကြသည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်ဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရေးပါသောအခြေခံအထောက်အပံ့ကောင်းဖြစ်ခြင်းကြောင့် အဖွဲ့ဝင်ဝန်ကြီးဌာနများအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ ပုဂ္ဂလိကစက်မှုကဏ္ဍအတွက်ဖြစ်စေ ခွင့်ပြုမိန့်များတောင်းခံလာပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဌာနများက မြန်ဆန်စွာဆောင်ရွက်ပေးရန် အဓိကမှာကြားလိုကြောင်း၊ နိုင်ငံတော်၏စက်မှုကဏ္ဍတွင် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်လိုကြောင်းပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဒုတိယဥက္ကဋ္ဌ(၂)တို့ လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၇

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် တာဝန်များပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေ(UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ Mr.Marcoluigi Corsi အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) ဧည့်ခန်း၌ ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာနှင့်ကုလသမဂ္ဂမှ အကူအညီပေးအပ်မှုများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်အခြေအနေများ၊ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ



အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် ဘိလပ်မြေ ၂၂၅ တန် လွှဲပြောင်း/လက်ခံမှုမှတ်တမ်း။


မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်း။

**နေပြည်တော်   မေ ၂၇**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့်နေပြည်တော် ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်း ဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများ အတွက် ပြည်တွင်း/ ပြည်ပစေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက် ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ဆေးဝါး များ လှူဒါန်းထောက်ပံ့မှုနှင့်ဘေးသင့်ဒေသ များသို့ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို အပတ်စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိရာ မေလ ၁၃ ရက်မှ ၁၉ ရက်အထိ အခြေအနေ ကို ၂၁-၅-၂၀၂၅ ရက်တွင် ထုတ်ပြန်ခဲ့ ပြီးဖြစ်သည်။

ယခုအခါ မေလ ၂၀ ရက်မှ ၂၇ ရက် အထိ ရက်သတ္တတစ်ပတ်အတွင်း ထိုင်း နိုင်ငံရောက်စေတနာရှင်များ၊ သီရိလင်္ကာ နိုင်ငံနှင့် တရုတ်နိုင်ငံ၊ ချုံချင့်မြူနီစပယ် အစိုးရတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ မီးစက်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများအနက် ဆေးနှင့် ဆေးပစ္စည်းများကို ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေး ဝန်ကြီးဌာန)သို့လည်းကောင်း၊ မီးစက်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံး ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများကို ဘေးသင့် လူဦးရေ အချိုးအစားအပေါ်မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တို့သို့ ဖြန့်ခွဲပေးပို့ပြီးဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်း သည့် ဒီဇယ်ဆီ ၁၁၉၃၀ ဒသမ ၅၀၅ တန်နှင့် ဓာတ်ဆီ ၂၉၄၀ ဒသမ ၀၅၅ တန်တို့သည် ၂၃-၅-၂၀၂၅ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ထပ်မံရောက်ရှိခဲ့ရာ စုစုပေါင်းဒီဇယ်ဆီ ၂၉၉၃၀ ဒသမ ၅၀၅ တန် နှင့် ဓာတ်ဆီ ၁၉၉၄၀ ဒသမ ၀၅၅ တန် တို့ကို စွမ်းအင်ဝန်ကြီးဌာနက စနစ်တကျ သိမ်းဆည်းသိုလှောင်၍ ပြန်လည်ထူထောင် ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘိလပ်မြေ ၂၂၅ တန် (၄၅၀၀ အိတ်) သည် ၂၄-၅-၂၀၂၅ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး က လွှဲပြောင်းပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က လက်ခံရယူ ပြီးနောက် ဘေးသင့်ဒေသများသို့ပို့ဆောင် ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲ သွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ငလျင် ဘေးသင့်ဒေသများတွင်ယာယီရုံးများအဖြစ် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် Prefabricated Office ၅၀၀ လုံးအနက် ၃၄၀ လုံးသည် ၂-၅-၂၀၂၅ ရက်တွင်လည်းကောင်း၊ ၁၆၀ လုံးသည် ၂၄-၅-၂၀၂၅ ရက်တွင်လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ ခဲ့ပြီး ဘေးသင့်ဒေသများတွင် ယာယီရုံးများ အဖြစ် တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။


တရုတ်နိုင်ငံမှလှူဒါန်းသည့် Prefabricated House များ ရန်ကုန်မြို့ သီလဝါ ဆိပ်ကမ်းသို့ရောက်ရှိမှုမှတ်တမ်း။

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်

(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ နေပြည်တော် | ဖြန့်ခွဲ မန္တလေး | ဖြန့်ခွဲ စစ်ကိုင်း | ဖြန့်ခွဲ ရှမ်း | ဝန်ကြီးဌာန/ အဖွဲ့ အစည်း | လက် ကျန် | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၁၄၅၈၈** | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၄၈ | **၄၆၀၂** | |
| ၂ | တာပေါ်လင်/ မိုးကာစ မျိုးစုံ | လိပ် | **၇၇၅** | ၁၀ | ၄၁၅ | - | - | ၁၅၀ | **၂၀၀** | |
| | | အိတ် | **၄** | - | ၄ | - | - | - | - | |
| | | ထုပ် | **၂၇၆၁** | ၄ | ၂၅ | ၁၄၉၇ | - | ၅၁၄ | **၇၂၁** | |
| | | ဖာ | **၁၈၉** | ၁၈၉ | - | - | - | - | - | |
| | | ချပ် | **၂၃၉၀** | - | ၁၅၆ | ၁၂ | | ၉၄၈ | **၁၂၇၄** | |
| ၃ | Hygiene Kit | ခု | **၃၀၁၇** | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | **၄၃၈၆** | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | **၃၆၂၄** | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | **၆၁၈** | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | **၁၆၅** | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | **၁၀၀၃** | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | **၁၈** | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | **၄၇၄** | ၁၈၂ | ၂၅၇ | ၁၆ | ၁၉ | - | - | |
| | | ခု | **၁၄၄** | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | **၁၆၄** | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်း မျိုးစုံ | မျိုး | **၁၀၀** | ၂၇ | ၄၇ | ၂၀ | ၆ | - | - | |
| | | ဖာ | **၁၈၇၀၆** | ၉၅၉၇ | ၇၂၈၈ | ၁၃၃၁ | ၄၀၄ | ၈၆ | - | |
| | | အိတ် | **၂၅၀** | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | **၁၀၀** | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | **၉၂** | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန်ပစ္စည်း မျိုးစုံ | မျိုး | **၈၉** | ၂၅ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | **၄၃၈၈** | ၁၀၀၇ | ၂၂၈၆ | ၉၅၄ | ၁၀၈ | ၃၃ | - | |
| | | ထုပ် | **၁၇၈၅** | ၆၉၀ | ၉၅၉ | ၇၂ | ၆၄ | - | - | |
| | | ခု | **၁၆၆၄** | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | **၅၉** | ၂၇ | ၂၄ | ၄ | ၄ | | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | **၃၇** | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | **၉၈** | ၃၉ | ၄၀ | ၉ | ၈ | ၂ | - | |
| | | စုံ | **၂၁၀၈** | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | **၂၃** | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | **၇** | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | **၃၃၁** | ၁၃၀ | ၁၇၆ | ၁၄ | ၁၁ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | **၆၆၆** | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | **၁၅၀၂၀** | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | **၁၇၆၇** | ၂၆ | - | - | - | ၁၇၄၁ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံး ပစ္စည်း | မျိုး | **၁၁၆** | - | - | - | - | ၁၁၆ | - | |

စာမျက်နှာ ၇ သို့ ⇨

# "လျှော်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့( MNTT)တို့ ပူးပေါင်း၍ "လျှော်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့်ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို မေလ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှစတင်၍ MRTV-HD၊ MRTV News၊ MRTV Parliament၊ MRTV၊ NRC၊ MRTV Sports၊ MRTV Farmers'၊ MITV၊ MWD-HD Channel၊ MWD Variety – HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဉ္စဝတီ FM နှင့် ရွှေ FM၊ Star FM နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website, Myanmar Narrative Facebook Page နှင့် Telegram ၊ MRTV Website, MRTV App နှင့် Social Media Platform တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ဖွင့်ပွဲအခမ်းအနားပြီးနောက် ခေါင်းစဉ်များအလိုက် သုံးသပ်ဆွေးနွေးပွဲများကျင်းပမှုကို MRTV Parliament Channel မှတိုက်ရိုက်(Live)ပြသမှုနှင့်အတူ MOI Website , Myanmar Narrative Facebook Page နှင့် Telegram ၊ MRTV App, MRTV Telegram, Myanma TV Youtube Channel နှင့် MRTV Facebook တို့မှလည်း Live Streaming ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**


ပညာရေးဝန်ကြီးဌာန

ပညာ

**၂၀၂၅-၂၀၂၆ ပညာသင်နှစ်**

**"ကျောင်းနေအရွယ်ကလေးအားလုံး**

**စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့



ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

**"အသိပေးကြေညာချက်"**

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။


⇨ **စာမျက်နှာ ၆ မှအဆက်**

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယာယီအိမ်များအဖြစ် အသုံးပြုရန် လှူဒါန်းသည့် Prefabricated House ၄၅၀၀ လုံး အနက် ၁၅၇၆ လုံးသည် ၉-၅-၂၀၂၅ ရက်တွင်လည်းကောင်း၊ ၁၈၀၄ လုံးသည် ၁၃-၅-၂၀၂၅ ရက်တွင်လည်းကောင်း၊ ၁၁၂၀ လုံးသည် ၂၄-၅-၂၀၂၅ ရက်တွင် လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဘေးသင့်ဒေသများ၌ တပ်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

လျှော်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၁ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၂ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ် ၁၁ စီးဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၂၀-၅-၂၀၂၅ ရက်မှ ၂၇-၅-၂၀၂၅ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့်ပစ္စည်းများကို ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေးဆောင်ရွက်ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် လျှော်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **မြဝတီ**

**တရုတ်နိုင်ငံ၊ ချုံချင့်မြူနီစပယ်အစိုးရမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**

**(၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Sleeping Bags | ထုပ် | **၇၄** | ၃၄ | ၃၃ | ၄ | ၃ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | **၃၆၇** | ၁၆၈ | ၁၆၂ | ၁၇ | ၂၀ | - | - | |
| | | ခု | **၁၄၄၄** | ၆၆၄ | ၆၅၀ | ၅၈ | ၇၂ | - | - | |
| | | ထုပ် | **၂** | - | - | ၁ | ၁ | - | - | |
| ၃ | အိမ်သုံးပစ္စည်းများ | ဖာ | **၂၀** | ၇ | ၇ | ၃ | ၃ | - | - | |
| ၄ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | **၈** | ၃ | ၃ | ၁ | ၁ | - | - | |
| ၅ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | **၂၉** | - | - | - | - | ၂၉ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

**သီရိလင်္ကာနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**

**(၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၁၇** | - | - | - | - | - | **၁၇** | |
| ၂ | မီးစက် | လုံး | **၉** | ၃ | ၃ | ၁ | ၁ | ၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| ၃ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | **၁၉၀၇** | ၈၇၇ | ၈၅၆ | ၇၈ | ၉၆ | - | - | |
| | | ထုပ် | **၉၂** | ၄၂ | ၄၁ | ၄ | ၅ | - | - | |

**ထိုင်းနိုင်ငံရောက်စေတနာရှင်များ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**

**(၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | **၂၂** | ၈ | ၈ | ၂ | ၄ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | **၁၆** | ၆ | ၆ | ၁ | ၃ | - | - | |
| ၃ | အိမ်သုံးပစ္စည်းများ | မျိုး | **၁** | ၁ | - | - | - | - | - | |
| ၄ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | **၁၀** | - | - | - | - | ၁၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| ၄ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | **၄၂၉** | ၁၉၈ | ၁၈၇ | ၁၉ | ၂၅ | - | - | |
| | | ထုပ် | **၃၁၀** | ၁၄၂ | ၁၃၈ | ၁၂ | ၁၈ | - | - | |
| | | ထည် | **၅၉** | ၂၇ | ၂၄ | ၄ | ၄ | - | - | |
| ၅ | အိမ်သုံးပစ္စည်းများ | ဖာ | **၆၇** | ၂၉ | ၂၉ | ၄ | ၅ | - | - | |
| | | စုံ | **၁၀၈** | ၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | **၂၃** | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၆ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | **၂၁** | ၈ | ၈ | ၂ | ၃ | - | - | |
| ၇ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | **၆၁** | - | - | - | - | ၆၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

# နံနက်အိပ်ရာထချိန် ရေသောက်ခြင်းအကျိုး

> **"ရေသောက်ခြင်း၊ ရေကုထုံးများကြောင့် ဆရာဝန်ကြီးများပင် မထင်သည့်ရောဂါဝေဒနာများ ပျောက်ကင်းခဲ့ဖူးသည့် သာဓကများစွာရှိသည်။ ရောဂါရှိသူ၊ မရှိသူ၊ လူ၏အနေအထား၊ ခန္ဓာကိုယ်အချိုးအစား၊ အပိန်အဝပေါ်မူတည်၍ သောက်သင့်သည့် ရေအချိုးအစား မှန်ကန်စွာ သောက်သုံးနိုင်ပါက ရောဂါကင်းရှင်းကျန်းမာစေနိုင်သော သဘာဝကပေးသည့်ဆေးတစ်ပါးဖြစ်သည် . . ."**

အိပ်ရာထထချင်း ရေသောက်ခြင်းအကျိုးကြောင့် အစာအိမ်ရောဂါဖြစ်၍ နှစ်ကြိမ်ခွဲစိတ်ကုသမှုခံယူထားရသူတစ်ဦး နှစ်ရှည်ခံစားနေရသောဝေဒနာများ ပျောက်ကင်းကျန်းမာသည့်အကြောင်းကို ရေးသားတင်ပြလိုပါသည်။

စာရေးသူ၏လူနာများထဲတွင် ဦးပေါ်များဆိုသည့် လက်လုပ်လက်စားတစ်ဦးရှိသည်။ ဦးပေါ်များဆိုသည့်အမည်နှင့် မလိုက်အောင် သူ့မှာ ဆင်းရဲသားလက်လုပ်လက်စားတစ်ဦးဖြစ်သည်။ ပုံကျအလုပ်အမျိုးမျိုးလုပ်ကိုင်နေရသူဖြစ်သည်။ လောလောဆယ် ပန်းရန်ဝင်လုပ်ရင်း အမြင့်မှလိမ့်ကျ၍ ခါးနာသွားသဖြင့် အလုပ်ရှင်က စာရေးသူ၏ဆေးခန်းသို့ ပို့ပေးခြင်းဖြစ်သည်။

စာရေးသူသည် ဦးပေါ်များ ခါးမှလိမ့်ကျဒဏ်ရာနှင့် ခါးဆစ်၊ ခါးဆိုင်းကြောများကို အကြောပြင်ဆေးလိမ်းပေးပြီးနောက် ပက်လက်လှန်အိပ်ကြည့်ခိုင်းသောအခါ ကောင်းစွာအိပ်နိုင်သဖြင့် ခါးရိုးဆစ်မကျိုးပါ၊ ဒဏ်ရာစိုးရိမ်စရာမရှိပါ၊ နှစ်ရက်၊ သုံးရက် အနားယူပြီး ဆေးလိမ်းလျှင် ကောင်းသွားနိုင်ပါသည်ဟု ပြောပြပါသည်။

ပက်လက်လှန်အိပ်လိုက်သောအခါ ဦးပေါ်များ၏ဝမ်းဗိုက်တွင် အထက်အောက်ခွဲထားသည့် ချုပ်ရိုးကြီးနှစ်ကြောင်းကို ကင်းခြေများကြီးသဖွယ် တွေ့ရသည်။

စာရေးသူက ဘာဒဏ်ရာလဲဟုမေးသောအခါ ဦးပေါ်များက သူ့အစာအိမ်တွင် အနာရှိသဖြင့် ဆေးရုံ၌ နှစ်ကြိမ် ခွဲစိတ်ကုသမှုခံယူထားရကြောင်း ပြောပြသည်။

ပထမအကြိမ်မှာ အိမ်တွင် လေအောင့်သည်ထင်၍ ကြံ့ရာလေဆေးတစ်ထုပ်ဝယ်သောက်ပြီးနေရာမှ ချွေးသီးချွေးပေါက်များကျပြီး သတိလစ်သွားသဖြင့် အိမ်နီးချင်းများက ဆေးရုံပို့လိုက်ကာ ခွဲစိတ်ရခြင်းဖြစ်သည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်ကဖြစ်သည်ဟု ဆိုသည်။

ဒုတိယအကြိမ် ခွဲစိတ်ခံရခြင်းမှာ လွန်ခဲ့သောလေးနှစ်ခန့်ကဖြစ်သည်။ အလုပ်ထဲ၌ မိုးမိပြီး အပြန်တွင် ချမ်းတုန်ဖျားလာသဖြင့် လမ်းထိပ်ဆေးဆိုင်တစ်ခု၌ စပ်ဆေးတစ်ထုပ်ဝယ်ခဲ့သည်။ အိမ်ရောက်သောအခါ စားစရာမရှိသဖြင့် ကော်ဖီမစ်တစ်ထုပ်ဖျော်သောက်ပြီး စပ်ဆေးအတောင့်၊ အပြားများကို တစ်ကြိမ်တည်းသောက်ချလိုက်သည်။ နောက်နာရီဝက်ခန့်ကြာသော် ဗိုက်ထဲမှ မခံမရပ်နိုင်အောင်နာလာသည်။ ရေနွေးပုလင်းကပ်ပြီး ပေနေလိုက်သည်။ နံနက် ၂ နာရီခန့်တွင် အန်သည်။ နီရဲသောသွေးများပါလာသဖြင့် ဆေးရုံသို့ အရေးပေါ်တင်လိုက်ရပြီး နံနက် ၈ နာရီခန့်တွင် ခွဲစိတ်ခံရသည်ဟုဆိုသည်။ စပ်ဆေးများ၏အကျိုးပင်ဖြစ်သည်။

သူသည် ဆေးရုံမှ ဒုတိယအကြိမ်ဆင်းပြီးနောက် သုံးလခန့်အထိ အစာမစားနိုင်။ ဆန်ပြုတ်၊ ကွေကာ၊ ဖျော်ရည်များဖြင့်သာ အသက်ဆက်နေရသည်ဟုဆိုသည်။ ဆေးရုံမှ အပူအစပ်နှင့် အစာများများမစားရန်၊ နည်းနည်းနှင့် အကြိမ်များများ ခွဲစားရန်မှာရခြင်းမှာ သူ့အစာအိမ်သည် နှစ်ကြိမ်ခွဲစိတ်ခံထားရသဖြင့် သိပ်မကျန်တော့ဘဲ ကျဉ်းသွားသောကြောင့်ဟုဆိုသည်။

သူသည် ထမင်းမစားရသဖြင့် လူက ပိန်သည်ထက် ပိန်လာသည်။ ကြံ့ရာကျပန်းအလုပ်လည်း မလုပ်နိုင်သဖြင့် ဝင်ငွေမရှိဘဲ စားဝတ်နေရေးအခက်အခဲရှိလာသဖြင့် ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ သွားနေပြီး ကပ္ပိယလုပ်နေသည်။ ဆရာတော်ကျွေးသော ဆွမ်းကျန်ကို စားသည်။ ထိုဆရာတော်က အစာစားနိုင်အောင် သူ့အစာအိမ်ကို ကုပေးလိုက်သည်ဟု သူကပြောသည်။

ဆရာတော်ပေးလိုက်သောကုထုံးမှာ အထူးအဆန်းဖြစ်သည်။ နံနက်စောစော အုန်းမောင်းခေါက်ချိန် အိပ်ရာထသည်နှင့် မျက်နှာမသစ်၊ သွားမတိုက်မီ ရေအဝသောက်ခိုင်းသည်။ အစကတော့ သူသည် အိပ်ရာထစနှင့် မျက်နှာမသစ်၊ သွားမတိုက်ရသေးဘဲ ရေမသောက်ချင်။ သို့သော် ဘုန်းကြီးက နံနက်စောစော ခံတွင်းမှအရည်တွင် အစာကြေစေနိုင်သောအရည်များပါသည်ဟု ဆိုသည်။

သူ သောက်ရသောရေမှာလည်း တစ်ခွက်မဟုတ်။ တစ်ဖလားအပြည့်။ မျက်နှာသစ်သည့် ရေဖလားနှင့်အပြည့်နီးပါးသောရေကို ရေစစ်ဖြင့် စစ်ပေးပြီး ကုန်အောင်သောက်ခိုင်းသည်။ ရေတစ်ဖလားသောက်ရသည်မှာ လွယ်သည့်ကိစ္စမဟုတ်။

"ဒီရေတွေကို အကုန်ဝင်အောင်သောက်၊ ဒါမှ အစာအိမ်က ပြန်ကျယ်လာမယ်။ အစာအိမ်ကျယ်မှ အစာဝင်လာမှာ" ဟု ဆရာတော်က ပြောသဖြင့် မသောက်ချင်သော်လည်း ကုန်အောင် ကြိတ်မှိတ်သောက်ရသည်။

ဤသို့ နေ့စဉ်ရက်ဆက် နံနက်အိပ်ရာထသည့်အချိန် တန်းပြီး ရေတစ်ဖလားသောက်ရသည့်ဒုက္ခမှာမသေးဟု နဂိုကထင်သော်လည်း တစ်ပတ်၊ ၁၀ ရက်ခန့်ကြာလာသောအခါ ခံနိုင်ရည်ရှိလာသည်။ အကျင့်ဖြစ်၍ နံနက်အိပ်ရာထသည်နှင့် ရေကန်သို့တန်းပြေး၊ ရေစစ်နှင့်တစ်ဖလားစစ်ယူခဲ့ပြီး အားပါးတရသောက်လိုက်ရမှ နေသာသလိုဖြစ်သွားသည်။

မကြာမီ ကျောင်းမှစွန့်သောဟင်းမျိုးစုံပါသည့် ဟင်းလေးနှင့် ဆွမ်းကျန်တို့ကို စားနိုင်လာသည်။ စားနိုင်သည်မှာ ရှေးယခင် ၁၀ နှစ်ကထက်ပင် ပိုစားနိုင်လာသည်။ ယခင်က ထမင်းပန်းကန် တစ်ဝက်ပင်မကုန်။ အစာအိမ်ကျဉ်းသဖြင့် မဝသောသူသည် ထမင်းတစ်ဇလုံအပြည့် စားနိုင်လာသည်။ ဟင်းချိုကလည်း ပါသေးသည်။ သူ့ကို နှစ်ကြိမ်နှစ်ခါဒုက္ခပေးခဲ့သောအစာအိမ်သည် ရေသောက်ခြင်းအကျိုးဖြင့် ပြန်ကောင်းခဲ့ရသည်ဟုဆိုသည်။

ခွဲစိတ်ကုသမှုကြောင့် အစာအိမ်ကျဉ်းသွားသူ၊ အစာအိမ်ဖြတ်ထုတ်ရသောသူများကို ဆရာဝန်များက များများမစားရန်၊ နည်းနည်းနှင့် အကြိမ်ခွဲပြီး စားရန်နှင့် ကြေလွယ်သောအစာကိုသာ စားရန်၊ ကောက်ညှင်း၊ ဆန်ကြမ်း၊ မာသောအစာ၊ အကြော်အလှော်၊ အပူအစပ်များကို ရှောင်ခိုင်းလေ့ရှိပါသည်။ အဓိကရောက်သောဒုက္ခမှာ များများမစားရ၊ နည်းနည်းနှင့် တစ်နာရီတစ်ကြိမ်ခန့် စားနေရခြင်းဖြစ်သည်။ လက်လုပ်လက်စားများအဖို့ လိုက်နာရန်မလွယ်သောကိစ္စဖြစ်သည်။

ရှေးမြန်မာနည်း၊ ဗိန္ဒောနည်းများသည် တစ်ခါတစ်ရံ ဆေးမပေးဘဲ ရေဖြင့်ကုသောကုထုံးများရှိသည်။ ရေကိုပင် ဆေးတစ်ပါးအဖြစ် အသုံးပြုသည်။ ရေအမျိုးမျိုး၏အကျိုးအာနိသင်ကိုခွဲခြားပြီး ဆေးအဖြစ်သုံးသည်။ ဥပမာ- မိုးရေကိုခံထားပြီး ကျိုချက်သောက်ခြင်း၊ မိုးသီး၊ နှင်းရည်တို့ကို ခံယူထားပြီး မျက်စဉ်းခတ်ခြင်း၊ တိမ်သလာတို့ကို ကုသခြင်းများ ပြုလုပ်လေ့ရှိကြသည်။

ယခု ဆရာတော်က ဦးပေါ်များကို ရေတစ်ဖလားသောက်ခိုင်းခြင်းမှာလည်း ဆေးကျမ်းတွင်ပါသည်မဟုတ်။ ရှေးအစဉ်အဆက်လက်ဆင့်ကမ်းခဲ့သော ရှေးဗိန္ဒောနည်းဖြစ်ပါလိမ့်မည်။

ယခု ဦးပေါ်များပြောသောနည်းကိုသိရသောအခါ စာရေးသူတို့ငယ်စဉ်ကခေတ်စားခဲ့သော သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါပျောက်သည်ဆိုသော ဂျပန်ရေသောက်နည်းကို သွားသတိရမိပါသည်။

ထိုနည်းမှာ ရေတစ်အိုး (အာတာပုလင်းနှင့် လေးပုလင်း) သောက်သောနည်းဖြစ်သည်ဟုမှတ်မိသည်။ နည်းလမ်းအတိအကျကိုတော့ မမှတ်မိတော့ပါ။ စာရေးသူ ငါးတန်းကျောင်းသားအရွယ် ၁၉၆၃ ခုနှစ်ခန့်ကဖြစ်သည်။ ထိုနည်းဖြင့် ကျောက်ကပ်နှင့် သွေးတိုးရောဂါပျောက်ကင်းသူ အတော်များများရှိခဲ့ဖူးပြီးနောက် အဘယ်ကဲ့သို့ မှေးမှိန်သွားသည်ကိုမူ မသိတော့ပါ။

ရေသည် ရန်သူမျိုးငါးပါးတွင် ပါဝင်သော်လည်း မရှိလျှင်မဖြစ်သည့် သက်စောင့်ဓာတ်လည်းဖြစ်သည်။ အာယုဗ္ဗေဒဆေးပညာအခြေခံ၊ တိုင်းရင်းမြန်မာဆေးပညာအခြေခံ၊ တရုတ်ဆေးပညာအခြေခံတို့တွင် ရေနှင့်မြေသည် အဓိကကျသောအကြောင်းရင်းခံကုရမည့်ဓာတ်များ၊ ပိုလျှင်လျှော့၊ လိုလျှင်ဖြည့်ရမည့်ဓာတ်များဖြစ်သည်။

ရေသောက်ခြင်း၊ ရေကုထုံးများကြောင့် ဆရာဝန်ကြီးများပင် မထင်သည့်ရောဂါဝေဒနာများ ပျောက်ကင်းခဲ့ဖူးသည့် သာဓကများစွာရှိသည်။ ရောဂါရှိသူ၊ မရှိသူ၊ လူ၏အနေအထား၊ ခန္ဓာကိုယ်အချိုးအစား၊ အပိန်အဝပေါ်မူတည်၍ သောက်သင့်သည့် ရေအချိုးအစား မှန်ကန်စွာ သောက်သုံးနိုင်ပါက ရောဂါကင်းရှင်းကျန်းမာစေနိုင်သော သဘာဝကပေးသည့်ဆေးတစ်ပါးဖြစ်သည်။

စာဖတ်သူသည် အောက်ပါရောဂါများရှိသူဖြစ်ပါက ဤနည်းကို စမ်းသပ်ကြည့်စေလိုပါသည်။

(၁) နှစ်ကြာအစာအိမ်ရောဂါ၊
(၂) လေရောဂါအမျိုးမျိုး၊
(၃) ကျောက်ကပ်ရောဂါ၊ ဆီးရောဂါ၊
(၄) သွေးတိုးရောဂါ၊
(၅) ဝမ်းချုပ်ရောဂါ၊
(၆) လိပ်ခေါင်းရောဂါ၊
(၇) အာသီးရောင်ရောဂါ၊
(၈) အကြောတက်ရောဂါနှင့်
(၉) မျက်စိအားနည်းရောဂါတို့အတွက် အကျိုးရှိပါသည်။

နံနက်အိပ်ရာထချိန်သည် အရုဏ်တက်ချိန် (နံနက် ၄ နာရီခွဲမှ ၅ နာရီခွဲ) အတွင်းဖြစ်လျှင် ရေသောက်ခြင်းသည် ပိုထိရောက်ပါသည်။ အိပ်ရာထလျှင်သောက်ရန် ရေအေးကို ညကတည်းက ရေတကောင်းတစ်ခုဖြင့် ကြိုတင်ပြင်ဆင်ထားလျှင် အကောင်းဆုံးဖြစ်ပါသည်။ အိပ်ရာထပြီး အပေ့ါအပါးသွားပြီးသည်နှင့် ရေတစ်ဖလား (သောက်ရေသန့်ဘူးဖြင့်တွက်လျှင် တစ်ဘူးခွဲခန့်)ကို ကုန်နိုင်သမျှသောက်ပါ။ စသောက်သောက်ချင်း မကုန်နိုင်လျှင် ကိစ္စမရှိပါ။ နောက်တဖြည်းဖြည်း သောက်နိုင်လာပါလိမ့်မည်။ ဝမ်းမှန်ခြင်း၊ မျက်နှာကြည်လင်ခြင်း၊ အစာအိမ်ကောင်း၍ ကျန်းမာခြင်းအကျိုးကျေးဇူးများ မကြာမီရရှိလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကြည်လွင်မြင့်(မုဒြာ)**

# မှော်ဘီမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းများ၌ မိုးတွင်းကာလ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန်နှင့် ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရန် မေလ ၂၇ ရက်တွင် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးခင်ဦး ဦးဆောင်သောဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန် ရေနုတ်မြောင်းများ၊ သစ်ပင်ချုံနွယ်များနှင့် စာသင်ခန်းအတွင်းရှိ ခုံအောက်များအတွင်း ခြင်ဆေးဖျန်းခြင်း၊ ကျောင်းတွင်းရှိ အုတ်ကန်၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် ဘူး၊ ခွက်များ၊ ရေပုံး၊ ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ပြီး တခြားသောနေရာများရှိ ရေတိုင်ကီ၊ ကျောက်စည်ပိုင်းနှင့် ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ရေနုတ်မြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိနေသော အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့လည်း မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးခင်ဦး ဦးဆောင်သောဝန်ထမ်းများပူးပေါင်းကာ ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဇော်(ပြန်/ဆက်)**

## စာလုံးပေါင်းသတ်ပုံအမှန်ရွေးချယ်ပြိုင်ပွဲနှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကျင်းပ



**နေပြည်တော် မေ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်း (YGW)တို့ပူးပေါင်း၍ စာလုံးပေါင်းသတ်ပုံအမှန်ရွေးချယ်ပြိုင်ပွဲနှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို မေလ ၂၆ ရက်တွင် ပုဗ္ဗသီရိမြို့နယ် လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်း(YGW)မှ ကျောင်းသား၊ ကျောင်းသူလေးများက သက်ဆိုင်ရာပြိုင်ပွဲများအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲတွင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များအား စိတ်ဝင်တစားလေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၃)

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တန်းစီကွင်းအသစ်ဖွင့်ပွဲကျင်းပ

**ပဲခူး မေ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပဲခူးမြို့ ဥသျှောင်မြို့သစ် (၆)ရပ်ကွက်ရှိ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ မေလ ၂၇ ရက် နံနက်ပိုင်းတွင် တန်းစီကွင်းအသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ကွင်းသစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင်က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် ခရိုင်/ မြို့နယ်ဦးစီးမှူးရုံးတို့မှ အရာထမ်း/ အမှုထမ်း ၆၂ ဦး တက်ရောက်ကြောင်းသိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

## သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**သနပ်ပင် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေလ ၂၆ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။



ထိုသို့စစ်ဆေးရာတွင် ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး၊ သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဖရဲကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ငါးစည်ဖောင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ အရှည် ၈၆၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ်သိန်း ၁၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပေးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညို(ကျေးလက်)

**လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။**

## စွန့်စားကျေပွန် သမိုင်းပေးတာဝန် (တျာချင်း)

❖ နိုင်ငံတော်တွက်၊ လေးနက်သည်ချိန်ခါ
မြန်ပြည်အနှံ့၊ တည်တံ့ရည်ရွယ်ကာ
တို့တိုင်းပြည်ရွာ၊ သာယာရေးအား
မျှော်မှန်းရည်သန်၊ အဓိဋ္ဌာန်
စစ်မာန်ဝင့်ကြွား စွန့်စားသည်နှင့်လေး။

❖ စစ်ထွက်ယောကျ်ား၊ သုံးပါးအောင်တံခွန်
ကာကွယ်ကြိုးပမ်း၊ ဖြည့်စွမ်းထမ်းတာဝန်
ရွပ်ရွပ်ချွံချွံ၊ ကျေပွန်လေးစား
ပြည်ထောင်စုရန်၊ တိုက်ထုတ်ပြန်
မျိုးမာန်ပြည်ဖွား အားထားသည်နှင့်လေး။

❖ အရေးသုံးပါး၊ လေးစားသစ္စာထု
တိုင်းရင်းသားရေး၊ ဖြည့်တွေးကာကွယ်သူ
ရန်စရန်မူ၊ ကျူးသူအပေါင်း
အချုပ်ခြာအာဏာ၊ စော်ကားလာ
ရန်ရှာပါက မောင်းထုတ်သည်နှင့်လေး။

❖ ရဲသွေးနီမောင်၊ သမိုင်းကောင်းသန္ဓေတည်
ကြည်း ရေ လေ ဖွား၊ စိတ်ထားအားမာန်ချီ
စစ်သားဇာနည်၊ လာပြီမကြောက်
တို့နိုင်ငံတော်၊ တို့ရဲဘော်
အမြဲသော် စောင့်ရှောက်သည်နှင့်လေး။

❖ ထွန်းတောက်ဝန်တာ ပြည်ရွာအေးချမ်းမည်။
မယွင်းမကြောက်စဉ်လာ စည်သာဘေးမသန်းပြီ။ ။

**အောင်နိုင်သူ(ဇွဲကပင်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၂၅ ( ဗုဒ္ဓဟူးနေ့ )

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | မြဝတီအဖွင့် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် |
| ၆။ | ၁၂:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | Sharing Knowledge |
| ၉။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၁၀။ | ၁၇:၀၀ | မွေးမြူသုတ |
| ၁၁။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ သိပ္ပဋ္ဌ၊ ဝိနယောစ သုသိက္ခိတော** |
| ၁၂။ | ၂၀:၀၀ | အမျိုးသားရေးတေးကဗျာ |

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (၁) ဒေါက်တာရီရီဦး<br>ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာလဲ့လဲ့ဝေ<br>ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့ပူးပေါင်း၍ Video Conference Expert Meeting ကျင်းပ




နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့ လက်မှတ်ရေးထိုးခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစီအစဉ် (၂၀၂၄-၂၀၂၆) အရ "အကျိုးစီးပွားပဋိပက္ခ၊ ဝင်ငွေနှင့် အသုံးစရိတ်များ ဖွင့်ဟကြေညာခြင်းတို့နှင့်စပ်လျဉ်းသည့်အကြောင်းအရာများအပါအဝင် အဂတိလိုက်စားမှုများအား တားဆီးကာကွယ်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းဥပဒေပြဋ္ဌာန်းမှုများနှင့် ဥပဒေမူကြမ်းများစစ်ဆေးအကဲဖြတ်ခြင်း" ခေါင်းစဉ်ဖြင့် ကျွမ်းကျင်ပညာရှင်များအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ Online Format ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကျွမ်းကျင်ပညာရှင်များ၊ ကော်မရှင်မှ တာဝန်ရှိသူများနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန် ဦးထိန်လင်းက အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပိုမိုထိရောက်စွာ ပူးပေါင်းပါဝင်လက်တွဲဖော်ဆောင်သွားရန် မျှော်လင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ Department of Supervision over Compliance with Anti-Corruption Laws ၏ ဒုတိယအကြီးအကဲဖြစ်သူ YUSUFOV Aslan Shikhzdayevich က Moderator ပြုလုပ်ပြီး Senior Prosecutor, VENETSKIY Mikhail Mikhailovich က "အစိုးရအရာရှိများ၏ အသုံးစရိတ်များသည် ၎င်းတို့၏ဝင်ငွေနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးခြင်းနယ်ပယ်တွင် အစိုးရရှေ့နေများက ၎င်းတို့၏ အခွင့်အာဏာများကို ကျင့်သုံးခြင်းအလေ့အထများ"နှင့်စပ်လျဉ်း၍လည်းကောင်း၊ Senior Prosecutor, ILYIN Aleksandr Andreyevich က "အကျိုးစီးပွားပဋိပက္ခများ တားဆီးကာကွယ်ခြင်းနှင့် ဖြေရှင်းခြင်းနယ်ပယ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေများ အကောင်အထည်ဖော်မှုအပေါ် အစိုးရရှေ့နေများ၏ ကြီးကြပ်ကွပ်ကဲမှုအလေ့အကျင့်" နှင့် စပ်လျဉ်း၍လည်းကောင်း၊ Senior Prosecutor, TARASOVA Diana Mikhailovna က "တည်ဆဲဥပဒေနှင့် ဥပဒေမူကြမ်းများတွင် အဂတိလိုက်စားမှု အန္တရာယ်များကို ဖော်ထုတ်မှုအလေ့အကျင့်"နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်ဖြူပွင့်က "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းခဲ့မှုများနှင့် စိစစ်ပြင်ဆင်ခဲ့မှုများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က "ဝင်ငွေရလမ်းနှင့် ပိုင်ဆိုင်မှုဖွင့်ဟကြေညာခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက "အဂတိလိုက်စားမှု အန္တရာယ်ရှိမှုများအား ဆန်းစစ်လေ့လာခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးထုအတွင်း မှန်ကန်သောအာဟာရ အသိပညာပြည့်စုံစေရေး ခရိုင်အဆင့်ဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ



ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သည့် အမျိုးသမီးထုအတွင်းမှန်ကန်သောအာဟာရ အသိပညာပြည့်စုံစေရေး ခရိုင်အဆင့်ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာန၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယခုသင်တန်းကိုဖွင့်လှစ်ရခြင်းမှာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအနေဖြင့် အာဟာရဆိုင်ရာ အသိပညာဗဟုသုတများရရှိပြီး ပြည်သူလူထုအတွင်း အာဟာရအသိပညာများ ဖြန့်ဖြူးပေးရန်နှင့် အာဟာရစောင့်ရှောက်မှုပေးနိုင်ရန်၊ မှန်ကန်သောသတင်းအချက်အလက်စကား ဆင့်ပွားဖြန့်ဝေနိုင်ရန်၊ မိခင်နှင့်ကလေးငယ်များ မှန်ကန်သောစားသောက်နေထိုင်မှုဓလေ့ မြင့်မားလာပြီး အာဟာရပြည့်ဝစေရန်၊ အမျိုးသမီးများအနေဖြင့် အစားအစာကို အရသာကောင်းမွန်စေရုံသာမက အစားအစာမှ အာဟာရလိုအပ်ချက်ပြည့်ဝစွာရရှိရေးကို အထူးသတိပြုဆောင်ရွက်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည့်အတွက် သင်တန်းသူမိခင်နှင့်ကလေးအသင်းဝင်များမှတစ်ဆင့် မြို့နယ်/ရပ်ကွက်/ကျေးရွာအတွင်းရှိ မိခင်၊ အမျိုးသမီးများကို အသိပညာများပျံ့နှံ့အောင် အသိပေးရန်လိုကြောင်းပြောကြားကြောင်းသိရသည်။

လင်းခန့်

# ၂၀၂၅ ခုနှစ် ဇွန်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၇ ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၁ ရက်ခန့်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက်မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၇ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၅ ပေမှ ၇ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၄ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၅ ပေမှ ၈ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၇ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၇ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၄ ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၅ ပေခန့် လက်ရှိရေမှတ်များထက်မြင့်တက်လာနိုင်သည်။

(မိုး/ဇလ)

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၂၇

ယနေ့ည ၂၂ နာရီ ၄၂ မိနစ် ၂၉ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ညောင်ဦးမြို့၏ အရှေ့-အရှေ့မြောက်ဘက် ၄ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၈ ဒီဂရီ၊ အနက် ၁၀၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/ဇလ)

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် လျော်ဒဏ်သင့်ဒေသများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးဘက်ပစ္စည်းများ ထောက်ပံ့ပေးမည့်အခြေအနေတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ကြသည်။ **မြဝတီ**

# အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများ၏ဖြစ်ထွန်းမှု နေပြည်တော်၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တောင်သူများ ကွင်းဆင်းလေ့လာ



နေပြည်တော် မေ ၂၇

နေပြည်တော်၊ ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီးများမှ ပဲတီစိမ်းစိုက်တောင်သူများ ပဲ၊ပြောင်း၊နှမ်း လုပ်ငန်းရှင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ၌ စမ်းသပ်စိုက်ပျိုးထားသည့် အဝါရောင်မိုစိတ် ရောဂါဒဏ်ခံနိုင်ပြီး အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများနှင့် နှမ်းမျိုးများ အထွက်ယှဉ်ပြိုင်စိုက်ပျိုးထားရှိမှုတို့ကို ကွင်းဆင်းလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပဲတီစိမ်းစိုက်တောင်သူများ၊ ပဲ၊ ပြောင်း၊ နှမ်း လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှသာ စိုက်ပျိုးလုပ်ကိုင်ကြသည့် တောင်သူများအတွက် ထိုက်သင့်သောဝင်ငွေ အကျိုးစီးပွားဖြစ်ထွန်းနိုင်မည်ဖြစ်၍ ရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းမွန်၍ ဈေးကွက်အကြိုက် သီးနှံမျိုးများ ရွေးချယ်အသုံးပြုရန် လိုအပ်ကြောင်း၊ အလားတူ အရည်အသွေးကောင်းသီးနှံများ အထွက်နှုန်းတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည့် စိုက်ပျိုးမြေပြုပြင်ခြင်း၊ သွင်းအားစုထည့်သွင်းသည့်အချိုးနှင့် အချိန်မှန်ကန်ရေး၊ စိုက်ပျိုးရေပေးသွင်းမှုမှန်ကန်ရေးအပါအဝင် နည်းပညာလိုအပ်ချက်များဖြည့်ဆည်းကူညီပေးခြင်းကို မိမိတို့ဝန်ကြီးဌာန ပညာရှင်များက အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။


စပါးအခြေခံသီးနှံပုံစံတွင် သီးထပ်သီးနှံအနေဖြင့် ပြည်ပဈေးကွက်ရှိပြီး တောင်သူအကျိုးရှိစေမည့် မိုးကြိုသီးနှံ ပဲတီစိမ်းစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များက မျိုးစပ်မွေးမြူထုတ်လုပ်လျက် ယခုစိုက်ကွင်းတွင် စပ်းသပ်စိုက်ပျိုးထားသော အဝါရောင်မိုစိတ် ရောဂါဒဏ်ခံနိုင်ပြီး အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများကို တောင်သူများကိုယ်တိုင်အကဲဖြတ်၍ မျိုးရွေးချယ်ပေးသွားကြရန်နှင့် စိတ်ကြိုက်ရွေးချယ်ထားသော ပဲတီစိမ်းမျိုးများအား မိမိတို့ဝန်ကြီးဌာနမှ မျိုးထုတ်လုပ်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ဆက်လက်မျိုးပွားထုတ်လုပ်မှုကိုတောင်သူများကိုယ်တိုင်ပါဝင်လုပ်ဆောင်ရန် တိုက်တွန်းကြောင်း ပြောကြားပြီး တောင်သူများနှင့် လုပ်ငန်းရှင်များ၏စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။


ယင်းနောက် တောင်သူများ ၊ ပဲ၊ပြောင်း၊ နှမ်း လုပ်ငန်းရှင်များသည် ရောဂါဒဏ်ခံ အလားအလာကောင်းသော ပဲတီစိမ်းသီးနှံမျိုးလိုင်းများကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် သုတေသီများ၊ ပညာရှင်များ ရှင်းလင်းပြသကြပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ သီးနှံအရည်အသွေးများကို တောင်သူများကိုယ်တိုင် အကဲဖြတ်ရွေးချယ်ခဲ့ကြသည်။

ထိုမှတစ်ဆင့် တောင်သူများနှင့်လုပ်ငန်းရှင်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနစိုက်ကွင်းများတွင် စိုက်ပျိုးထားသည့် သက်တမ်းတို၍ အထွက်နှုန်းနှင့် စားသုံးမှုအရည်အသွေးကောင်းမွန်သော ဆည်ရေသောက် လယ်စပါးမျိုးသစ်များ မွေးမြူရွေးချယ်ခြင်းအကွက်ကျယ်သရုပ်ပြစိုက်ကွင်းကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

> **ကျောဖုံးမှအဆက်**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၅-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောင်းဆုံ | ၄ | ဒသမ | ၅၃ | လက်မ | မအူပင် | ၂ | ဒသမ | ၅၆ | လက်မ |
| ကျိုက္ခမီ | ၄ | ဒသမ | ၀၂ | လက်မ | ဟိုင်းကြီးကျွန်း | ၂ | ဒသမ | ၄၄ | လက်မ |
| မြိတ် | ၃ | ဒသမ | ၅၈ | လက်မ | မော်လမြိုင် | ၂ | ဒသမ | ၄၀ | လက်မ |
| ကျောက်ပန်းတောင်း | ၃ | ဒသမ | ၃၃ | လက်မ | ပေါင် | ၂ | ဒသမ | ၄၀ | လက်မ |
| ဘားအံ | ၂ | ဒသမ | ၆၄ | လက်မ | ချောက် | ၂ | ဒသမ | ၃၆ | လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | | | | | ဆင်ဖြူကျွန်း | ၂ | ဒသမ | ၃၂ | လက်မ |



# မြို့နယ်ကျက်သရေဆောင် သုံးထပ်ဆောင် သာသနာ့ဗိမာန်တော်ကြီး ရေစက်သွန်းချခြင်း အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ် မြို့နယ်ကျက်သရေဆောင် သုံးထပ်ဆောင် သာသနာ့ဗိမာန်တော်ကြီး ရေစက်သွန်းချခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ မဟာထေရ်အရှင် သူမြတ်က ဆီမီးထွန်းညှိပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင်အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဗုဒ္ဓတက္ကသိုလ် များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိ ဿရ မဟာထေရ်အရှင်သူမြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက် တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်အပ်သော ပရိတ်တရားတော်မြတ်ကို ရိုသေစွာနာယူ ကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အလှူရှင်များနှင့်တာဝန်ရှိသူများက လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြ သည်။

ယင်းနောက် ဥက္ကလာပစေတီတော် မြတ်ကြီး ရေးဟောင်းဘုရားခုနစ်ဆူဘုရား နှင့် အောင်တော်မူ စေတီဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအေးကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မတည်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်သည်။

၎င်းနောက် တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ ပရိယတ္တိစာသင်တိုက်နာယက ဆရာတော် ဘဒ္ဒန္တနန္ဒာစရက ဂါထာရွတ် ဖတ်ပူဇော်ပြီး သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ မဟာထေရ်အရှင် သူမြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက် သွန်းလောင်းအမျှပေးဝေကာ သီတဂူ အဓိဋ္ဌာန်ဖြင့် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

နေကိုထိုက်

# “အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့”အထိမ်းအမှတ်အခမ်းအနားနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၂၁) ဆရာဖြစ်သင်တန်း ဒီပလိုမာအောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

(၄၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီနှင့် အမျိုးသားပြတိုက်(ရန်ကုန်) တို့ ပူးပေါင်းကျင်းပသည့် လူငယ်ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖုံ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဒေါ်နုမြဖုံတို့က အမှာစကားပြောကြား ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဖုံက “မြန်မာနိုင်ငံတစ်ဝန်း ပြတိုက်များခင်းကျင်း ပြသခြင်းအကြောင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအကြောင်း” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယဝန်ကြီး(ငြိမ်း)၊ မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က “မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များအကြောင်း” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာသမိုင်း အဖွဲ့ဝင် ဒေါက်တာမြင့်သိန်းက “နိုင်ငံချစ် စိတ်စစ်မှန်သော မျိုးချစ်စိတ်များ ရှင်သန် ထက်မြက်စေရေး ပြည်သူ့နီတိနှင့် နိုင်ငံသား ကောင်းဖြစ်မှုအတွက် သမိုင်းကြောင်းများ” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြော ခဲ့ကြပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ မြန်မာ့ရိုးရာခြင်းလုံး အကအလှ၊ ခြင်းလုံး ပညာရပ်ဆိုင်ရာများနှင့် မြန်မာ့ရုပ်သေး အကများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဟောပြော ခဲ့ကြသူများအား အမှတ်တရလက်ဆောင် များပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်(၄၂)ရပ်ကွက် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၌ ကျင်းပသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ရန်ကုန်တိုင်း ဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၂၁) ဆရာဖြစ်သင်တန်း ဒီပလိုမာအောင် လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား သို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌက သင်တန်းဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် က သာသနာရေးဆိုင်ရာများလျှောက်ထား ပြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင် သူမြတ်ထံ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေ များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ် ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ် လှူဒါန်းကြပြီး အမှတ်စဉ်(၂၁) သင်တန်းဆင်း သံဃာတော်များအား ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌက သင်တန်းဆင်းအောင်လက်မှတ်များပေးအပ် သည်။

ထို့နောက် ဧည့်ပရိသတ်များက နိုင်ငံ တော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာ လင်္ကာရာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

ဖွဲ့ထက်ကို (ပြန်/ဆက်)

# ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းများ ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်း ထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ရာဇ သင်္ဂဟလမ်းမကြီးသို့သွားရောက်၍ ငလျင် ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်နေမှုနှင့် လမ်းခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအပိုင်းလိုက်အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ပလက်ဖောင်းများ စနစ်တကျပြုပြင်ရေးနှင့် လမ်းမကြီးဘေးသစ်ပင်များ တိုးချဲ့စိုက်ပျိုး ရေးတို့ကို မှာကြားသည်။

ထို့နောက် ရာဇဌာနီလမ်းမကြီးသို့ သွားရောက်ပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာ လမ်း(AC)ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိ ခန်းမ၌ကျင်းပသည့် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးသို့တက်ရောက်ပြီး နေပြည် တော်အတွင်း ခရီးသွားလုပ်ငန်းများ၊ ခရီးစဉ် ဒေသများ တိုးတက်ဖော်ဆောင်နိုင်ရေး၊ ဒေသအတွင်း ရှေးဟောင်းသမိုင်းဝင် အထင် ကရရှိသော ဆွဲဆောင်မှုရှိသော စိတ်ဝင် စားဖွယ်နေရာများ ရွေးချယ်ဆောင်ရွက် ရေး၊ ကျေးလက်ဒေသရိုးရာဓလေ့စရိုက် များ၊ ပွဲတော်များ၊ ဒေသထွက်ကုန်များ၊ အထိမ်းအမှတ်ပစ္စည်းများ၊ ဒေသအစား အစာများကို အများပြည်သူသိရှိအောင် သတင်းမီဒီယာများ၊ ကြော်ငြာများ၊ လက်ကမ်းစာစောင်များ စသည့်နည်းလမ်း များဖြင့် သိရှိအောင်ဆောင်ရွက်ရေး၊ ဟိုတယ်များတွင် Solar Energy များ ပြောင်းလဲတပ်ဆင်အသုံးပြုနိုင်ရေး၊ သက် ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေးတို့ကို ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဒေသ ဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များ က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်း တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ က လိုအပ်သည်များမှာကြားပြီး ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

အောင်မျိုးဝင်း(ဥတ္တရ)

# တိုးတက်လာသောနည်းပညာနှင့် လူငယ်တို့၏အနာဂတ်များ

မေသူ

**လူသားတို့၏သက်ရှိကမ္ဘာကြီးသည် ခေတ်အမျိုးမျိုးကိုဖြတ်သန်းလာခဲ့ကြရသည်။ ကျောက်ဖြင့်ပြုလုပ်ထားသော လက်နက်များနှင့် ခုတ်ထစ်ဖြတ်တောက်အသုံးပြုသောအချိန်ကာလကို ကျောက်ခေတ်ဟူ၍လည်းကောင်း၊ ကြေး၊ သံတို့ကို ကိုင်ဆောင်လာသောခေတ်ကို ကြေးခေတ်ဟူ၍လည်းကောင်း အမည်အမျိုးမျိုးခေါ်တွင်ကာ ဖြတ်သန်းလာရပြီဖြစ်သည်။ ယခုအခါ လူသားတို့၏ ဉာဏစွမ်းရည်တို့ဖြင့် သင်္ဘော၊ ရထား၊ လေယာဉ်၊ ကားစသောအရာများကို တီထွင်နိုင်ခဲ့ပြီး ကမ္ဘာမြေပြင်တစ်ခွင်သွားလာနိုင်ခြင်းသည် ပညာရပ်များဖွံ့ဖြိုးတိုးတက်လာခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ယနေ့ခေတ်ကို "နည်းပညာခေတ်"ဟုခေါ်ဆိုရမည်မှာ စင်စစ်အမှန်ပင်ဖြစ်သည်။**

> **လူငယ်များအနေဖြင့် မိမိအနာဂတ်အတွက် ပြင်ဆင်ရာတွင် "နည်းပညာသုံးစွဲသူ" ဖြစ်ရန်သာမက "နည်းပညာကို ထိန်းချုပ်တတ်သူ" ဖြစ်လာရန်လိုအပ်သည်။ လူ့အဖွဲ့အစည်းအား ထိခိုက်စေသော နည်းလမ်းမဟုတ်ဘဲ နည်းပညာနှင့်အတူ တိုးတက်နိုင်ရေးအတွက် AI (ဉာဏ်ရည်တု)ကို နည်းလမ်းမှန်ကန်စွာ သုံးစွဲရန်လည်းလိုအပ်. . .**

နည်းပညာကား လူသားတို့၏နေ့စဉ်ဘဝရှိ အခန်းကဏ္ဍအသီးသီး၌ မသိမသာဝင်ရောက်နေပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသော အခြေအနေများတွင် အလွန်အရေးပါသော အရာတစ်ခုဟုဆိုလျှင်လည်း မမှားနိုင်ပေ။ ထိုသို့ နည်းပညာတိုးတက်လာမှုကြောင့် လူသားများအဆင်ပြေမှုရရှိရုံသာမက ကမ္ဘာ့အကွာအဝေးများကို နည်းလမ်းအသစ်များဖြင့်အချိန်တိုအတွင်း ဖယ်ရှားပေးနိုင်သော ခေတ်တစ်ခုလည်းဖြစ်လာသည်။ ထို့ကြောင့် "နည်းပညာသည် လူသားတို့၏ ဘဝမျှော်မှန်းချက်များနှင့်အခွင့်အလမ်းများကို ဖန်တီးပေးသောလက်နက်တစ်ခုဖြစ်လာသည်" ဟု ဆိုနိုင်သည်။

သို့သော် နည်းပညာသည် လူသားတို့အတွက် များစွာသောအခွင့်အလမ်းများကို ပေးစွမ်းနိုင်ရုံသာမက အချို့အခြေအနေများတွင် လူသားတို့၏ ကိုယ်ရည်ကိုယ်သွေးကို နွံထဲတွင်နှစ်မြှုပ်တတ်ပေသည်။ ထို့ကြောင့် နော်ဝေသမိုင်းပညာရှင် Christian Lous Longue က "Technology is a useful servant but dangerous master" "နည်းပညာကား အသုံးဝင်သောအစေခံတစ်ယောက်ဖြစ်သလို အန္တရာယ်ရှိသော အုပ်ချုပ်သူတစ်ဦးလည်းဖြစ်တယ်"ဟုဆိုလေသည်။

သိပ္ပံပညာရှင်များက နည်းပညာများကို လူနေမှုဘဝများလွယ်ကူမြန်ဆန်စေရန် ခေတ်အဆက်ဆက်မှ စတင်ကာဖန်တီးလာကြသည်။

> **နည်းပညာသည် လူသားများ၏ဘဝအတွက် တိုးတက်မှုနှင့်အတူ အခွင့်အလမ်းအသစ်များကို ဖန်တီးပေးနေပြီး ပညာရေး၊ စီးပွားရေးနှင့် ကမ္ဘာ့ပတ်ဝန်းကျင်အတွက် အရေးပါသည့် လုပ်ဆောင်ချက်များပြုလုပ်ပေးနေသည်။ သို့သော်နည်းပညာသည် ကောင်းသောလက်နက် တစ်ခုဖြစ်သော်လည်း လိုအပ်သည်ထက်ပို၍ အသုံးပြုသောအခါ အန္တရာယ်ကိုပေးနိုင်သော အစွမ်းလည်းရှိသည်. . .**

သို့သော် အဆိုပါဖန်တီးမှုများကို လူသားများအလွယ်တကူနားလည်ရန် ခက်ခဲလွန်းလှသည်။ ထို့ကြောင့် လူသားတို့က အထက်ပါနည်းပညာများကို နားလည်အောင်သင်ယူလေ့လာရန် အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် "ကိုယ်က နည်းပညာနှင့်မပတ်သက်ချင်ရင်တောင်မှ နည်းပညာက ကိုယ့်ရဲ့အလုပ်နဲ့ လာပတ်သက်နေတယ်" ဟူသောစကားအတိုင်း နည်းပညာကား လူသားတို့ဘဝအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်နေသောကြောင့်ဖြစ်သည်။

ဆက်လက်၍ ယနေ့ခေတ်လူသားတို့၏ သက်ရှိကမ္ဘာကြီးတွင် နည်းပညာတိုးတက်မှုသည် တရိပ်ရိပ်မြင့်တက်လာကာ အနာဂတ်တွင် မောင်းသူမဲ့ကား၊ မောင်းသူမဲ့လေယာဉ်၊ မောင်းသူမဲ့သင်္ဘောများကို auto စနစ်များအသုံးပြုလာကြရန် ရည်မှန်းထားပြီး ကိုယ်တိုင်ပင်ပင်ပန်းပန်းအလုပ်လုပ်နေရန်မလိုတော့ဘဲ အမိန့်ပေးရုံနှင့်အလိုအလျောက်အလုပ်လုပ်ပေးသည့် ဉာဏ်ရည်တုစက်ရုပ်များကို အစားထိုးအသုံးပြုလာကြသည်။ ထိုစက်ရုပ်များကြောင့် ယခုအချိန်တွင် စက်ရုံအလုပ်ရုံများ၌ လူအင်အားသုံးမည့်အစား ထုတ်ကုန်လွယ်ကူမြန်ဆန်စေရေးအတွက် စက်ရုပ်ကိုအစားထိုးအသုံးပြုလာကြသည်။ ထိုနည်းတူပင် ယခင်က စိုက်ပျိုးရေးကဏ္ဍတွင် နွား၊ ကျွဲနှင့် လူအင်အားကို အသုံးပြုကာ ထွန်ယက်စိုက်ပျိုးခဲ့ရသည်။ ထိုမှတစ်ဆင့် လယ်ထွန်စက်များ၊ စပါးခြွေလှေ့စက်များပေါ်လာသဖြင့် အချိန်ကုန်ငွေကုန်သက်သာလာပေသည်။ ယနေ့ခေတ်တွင် အချို့သောတိုင်းပြည်များ၌ မောင်းသူမဲ့လယ်ထွန်စက်များပေါ်လာသလို ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတို့ကို အရင်လိုနေပူကျဲကျဲတွင် သွားဖျန်းရန်မလိုတော့ဘဲ အဝေးထိန်းစနစ် (Drone)ဖြင့် လယ်ကွင်းများကို အဝေးကပင်ထိန်းချုပ်ရေလောင်းလာကြသည်များရှိသည်။ ထို့ကြောင့် ဉာဏ်ရည်တုစက်ရုပ်စနစ်ကား အနာဂတ်အလုပ်အကိုင်များကို ထိခိုက်စေနိုင်သလို အလုပ်လက်မဲ့များလည်းပေါ်များလာမည်မှာ ဧကန်မုချပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် နောင်အနာဂတ်တွင် ကောင်းစွာရပ်တည်နိုင်ရန် နည်းပညာဆိုင်ရာ အခြေခံသဘောတရားများနှင့်ဝေါဟာရများကို မျက်ကွယ်မပြုဘဲ တတ်သိနားလည်ရန်လိုပေသည်။

ထို့ပြင် ခေတ်သစ်နည်းပညာတိုးတက်မှုအနက် AI (Artificial Intelligence) သည် လူငယ်များအတွက် အရေးပါသောလက်နက်တစ်ခုအဖြစ် သုံးစွဲလာပြီဖြစ်သည်။ ပညာရေး၊ အလုပ်အကိုင်၊ ဖန်တီးမှုလုပ်ငန်းများနှင့် နည်းပညာဖွံ့ဖြိုးမှုများအထိ AI သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာသည်။ ထိုနည်းပညာတွင်လည်း ကောင်းကျိုးနှင့်ဆိုးကျိုးဟူ၍ ဒွန်တွဲလျက်ရှိနေပါသေးသည်။ ChatGPT၊ Google Gemini၊ Claude စသော applications တို့က လူငယ်များအတွက် စာမေးပွဲပြင်ဆင်ခြင်း၊ သုတေသနရေးခြင်းအတွက် အထောက်အကူပြုပေးနိုင်သလို အလုပ်လျှောက်လွှာရေးသားခြင်းနှင့် Freelance အလုပ်များတွင်လည်း လုပ်ငန်းကို ပိုမိုထိရောက်မြန်ဆန်စွာ ပြီးမြောက်စေသည်။ ထို့ပြင် AI Art Generator နှင့် content tools တို့ဖြင့် လူငယ်များ၏ဖန်တီးမှုစွမ်းရည်ကို တိုးတက်လာစေနိုင်သည်။

သို့သော် စက်ရုံအလုပ်များတွင် AI စက်ရုပ်ကို အစားထိုးလာကြသဖြင့် အလုပ်လက်မဲ့များလာခြင်း၊ သတင်းအချက်အလက်များမှားယွင်းနိုင်ခြင်းနှင့် ဖန်တီးမှုမူပိုင်ခွင့်များ ပျောက်ဆုံးနိုင်ခြင်းဆိုသည့် ဆိုးကျိုးများလည်း ရှိနေသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိအနာဂတ်အတွက် ပြင်ဆင်ရာတွင် "နည်းပညာသုံးစွဲသူ" ဖြစ်ရန်သာမက "နည်းပညာကို ထိန်းချုပ်တတ်သူ" ဖြစ်လာရန်လိုအပ်သည်။ လူ့အဖွဲ့အစည်းအား ထိခိုက်စေသောနည်းလမ်းမဟုတ်ဘဲ နည်းပညာနှင့်အတူ တိုးတက်နိုင်ရေးအတွက် AI(ဉာဏ်ရည်တု)ကို နည်းလမ်းမှန်ကန်စွာ သုံးစွဲရန်လည်း လိုအပ်သည်။ ထိုအကြောင်းကို Albert Einstein က "နည်းပညာသည် လူ့ဘဝကို ပိုမိုကောင်းမွန်စေသော်လည်း တစ်ခါတစ်ရံမှန်ကန်စွာသုံးစွဲခြင်းမရှိလျှင် အနာဂတ်အတွက် ဆိုးကျိုးဖြစ်နိုင်ပါသည်" ဟု ပြောခဲ့သည်။ AI ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကိုသိရှိ၍ လူငယ်များအနေဖြင့် နည်းပညာကိုမှန်ကန်စွာဆင်ခြင်သုံးစွဲရန်မှာ အရေးကြီးလှသည်။

နည်းပညာအမျိုးမျိုးရှိသည်။ ယနေ့ခေတ်တွင် အဓိကအသုံးပြုနေသောနည်းပညာများမှာ ဆက်သွယ်ရေးနည်းပညာ၊ စက်ရုပ်နည်းပညာ၊ ပညာရေးနည်းပညာ၊ စီးပွားရေးနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာ၊ သတင်းနည်းပညာ၊ ဆေးဘက်ဆိုင်ရာနည်းပညာ၊ ထိန်းချုပ်၊ စောင့်ကြည့်ရေးနည်းပညာ၊ ဉာဏ်ရည်တုနည်းပညာတို့ဖြစ်ကြသည်။

နည်းပညာဟုဆိုလျှင် လူတိုင်းကသတင်းနှင့် ဆက်သွယ်ရေးနည်းပညာ(IT)ကိုသာ စိတ်ထဲ၌ပြေးမြင်မိကြမည်မှာအမှန်ဖြစ်သည်။ IT ဟု ပြောလိုက်ပြီဆိုလျှင် လူသားတို့နှင့် အမြဲအတူတကွရှိနေသော ဖုန်း၊ ကွန်ပျူတာ၊ အင်တာနက်တို့လည်းပါဝင်လာကြပြီဖြစ်သည်။ ရှေးယခင်က လူတစ်ဦးနှင့်တစ်ဦးဆက်သွယ်ရာတွင် အသံပေး၍သော်လည်းကောင်း၊ အချက်ပြ၍သော်လည်းကောင်း ဆက်သွယ်ခဲ့ရသည်။ ယခုဆိုလျှင် နည်းပညာတစ်ဟုန်ထိုးတိုးတက်လာမှုကြောင့် ဆက်သွယ်ရေးစနစ် ပိုမိုကျယ်ပြန့်ကာ ကမ္ဘာ့တစ်ဝန်းရှိလူတို့နှင့် အလွယ်တကူစကားပြောလာနိုင်ပြီဖြစ်သည်။ ယခုခေတ်တွင် "အီးမေးလ်(Email)၊ messenger၊ Whats App" စသောလူမှုကွန်ရက်များမှ တစ်ဦးနှင့်တစ်ဦး မိုင်ပေါင်းမည်မျှပင်ဝေးလံသောအရပ်တွင်ရှိစေကာမူ ပြောဆိုလာနိုင်ပြီဖြစ်သည်။ နည်းပညာပိုင်းဆိုင်ရာစုစည်းမှုများနှင့် စီမံခန့်ခွဲမှုများအတွက် အမေရိကန်စစ်တပ်က ယခုအချိန်ထိ အီးမေးလ်စနစ်အား အသုံးပြုနေကြောင်း ၂၀၂၄ ခုနှစ် CNN ၏အစီရင်ခံစာတွင်ဖော်ပြထားသည်။ အလားတူပင် အီးမေးလ်သည် နိုင်ငံတကာ၏ စီးပွားရေးကဏ္ဍတွင်လည်း အထူးအရေးပါသည်။ ဖုန်း၊ ကွန်ပျူတာနှင့် အင်တာနက်များသည် နည်းပညာအားလုံး၏ သတင်းဒေတာအချက်အလက်များအား ထည့်သွင်းရှာဖွေရာတွင် သုံးသောကိရိယာများဖြစ်သော်လည်း အကျိုးရှိစွာအသုံးချတတ်ရန် လိုပေသည်။

ယခုလို အဘက်ဘက်မှ တိုးတက်နေသောခေတ်တွင် နည်းပညာသည် လူသားတို့အတွက် ကောင်းကျိုးများပေးစွမ်းနေသလို ဆိုးကျိုးများကိုလည်းပေးနိုင်ပေသည်။ လူငယ်များသည် Facebook၊ YouTube၊ TikTok၊ Instagram၊ ဂိမ်း(game) စသောပလက်ဖောင်းများကို အလွန်အကျွံသုံးစွဲကာ အချိန်ဖြုန်းလာကြသည်။ ထိုမှတစ်ဆင့် လူငယ်များလမ်းမှားရောက်ကာ ဘဝတက်လမ်းရပ်တန့်သွားကြရသည်။ သို့သော် တချို့ကလည်း ၎င်းပလက်ဖောင်းများမှတစ်ဆင့် ဘဝတိုးတက်အောင်မြင်သွားသူများလည်းရှိပေသည်။ ၎င်းကို Microsoft ကုမ္ပဏီ၏အရာရှိတစ်ဦးဖြစ်သော Bill Gates က "နည်းပညာကိုကောင်းစွာအသုံးပြုသူသည် အောင်မြင်မှုကိုဆွတ်ခူးရလိမ့်မည်၊ နည်းလမ်းမှားစွာသုံးမိသူက ဘဝလမ်းပျောက်ရမည်" ဟုဆိုထားသည်။

မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "ယနေ့ကမ္ဘာကြီးသည် ကမ္ဘာ့ရွာကြီးတစ်ခုဟု တင်စားခေါ်ဝေါ်ရလောက်အောင် အလျင်အမြန်တိုးတက်နေသည်။ ကမ္ဘာ့အရှေ့ခြမ်းနှင့်အနောက်ခြမ်းမှ အဖြစ်အပျက်များကို အချိန်နှင့်တစ်ပြေးညီသိနိုင်ပြီဖြစ်သည်။ ထိုသို့ ပြောင်းလဲတိုးတက်နေသောကမ္ဘာကြီးနှင့် မျက်ခြည်မပြတ်ရန် နည်းပညာများတတ်မြောက်အောင်ကြိုးစားသင့်သည်" ဟူ၍ အမှာစကားဆိုခဲ့သည်။ အနာဂတ်ကာလများတွင် နည်းပညာကိုအကျိုးရှိရှိအသုံးပြုသူတို့၏ စီးပွားရေးအလုပ်အကိုင်များမှာ လွယ်ကူ၊ သက်သာ၊ မြန်ဆန်၊ တိုးတက်သွားမည်မှာ ဧကန်အမှန်ပင်ဖြစ်ပြီး ၎င်းအား ကောင်းစွာ မသုံးတတ်သူများ၏အလုပ်အကိုင်များမှာ နောက်ကျကျန်ခဲ့ရမည့်ကိန်းဆိုက်လာသည်။

အနာဂတ်သည် လူငယ်တို့၏လက်ထဲတွင်ရှိသည်ဟု ဆိုကြသည်။ ထို့ကြောင့် အနာဂတ်ကမ္ဘာကြီးနှင့်အတူလိုက်ပါနိုင်ရန် လူငယ်များလက်ထဲတွင် နည်းပညာကျွမ်းကျင်မှုရှိရန်လိုသည်။ နည်းပညာသည် လူသားများ၏ဘဝအတွက် တိုးတက်မှုနှင့်အတူ အခွင့်အလမ်းအသစ်များကို ဖန်တီးပေးနေပြီး ပညာရေး၊ စီးပွားရေးနှင့် ကမ္ဘာ့ပတ်ဝန်းကျင်အတွက် အရေးပါသည့်လုပ်ဆောင်ချက်များပြုလုပ်ပေးနေသည်။ သို့သော် နည်းပညာသည် ကောင်းသောလက်နက်တစ်ခုဖြစ်သော်လည်း လိုအပ်သည်ထက်ပို၍အသုံးပြုသောအခါ အန္တရာယ်ကိုပေးနိုင်သော အစွမ်းလည်းရှိသည်။ ထို့ကြောင့် ယနေ့ကမ္ဘာကြီးသည် တိုးတက်လာသောနည်းပညာနှင့်အတူ ပိုမိုတောက်ပလာနိုင်ရန် ခေတ်လူငယ်များသည် နည်းပညာပေါင်းစုံကိုလေ့လာကာ မှန်ကန်စွာအသုံးပြုခြင်းနှင့်မတရားအသုံးပြုမှုများမှလွတ်ကင်းရန် အရေးကြီးလှကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများက စက်မှုဇုန်(၆)လမ်း ကိုယ့်အားကိုယ်ကိုးကွန်ကရိလမ်းသစ်ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အမရပူရမြို့နယ်၊ မှန်တန်းရပ်ရှိမဟာဝိဇယရံသီပုထိုးတော်ကြီးမြတ်စွာဘုရားအပျက်အစီးများ ရှင်းလင်းဆောင်ရွက်ရာတွင် ထပ်မံသိမ်းဆည်းရရှိသောဌာပနာပစ္စည်းများအား ကြည့်ရှုစဉ်။

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စက်မှုဇုန်(၆)လမ်း ကိုယ့်အားကိုယ်ကိုးကွန်ကရိလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ တက်ရောက်၍ အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ပတ္တမြားရပ်ကွက်ရှိ ကျင်းရှင်းနည်းပညာစစ်ကိုင်းကုမ္ပဏီစက်ရုံအတွင်း ဖုန်းအားသွင်းကြိုးထုတ်လုပ်နေမှုများအား လှည့်လည်ကြည့်ရှုခဲ့ပြီး ယူကရိန်းသံရည်ကျိုစက်ရုံအတွင်း သံရည်ကျိုလုပ်ငန်းများ၊ ဟင်းဂလိုင်းလုပ်ငန်းများနှင့် ပန်းလုံးလုပ်ငန်း လုပ်ကိုင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တောင်ဖီလာတောင်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပတ္တမြားစေတီအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ ဝါးချက်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ တာဝန်ထမ်းဆောင်နေကြသော ဆရာ/ဆရာမများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော ကျောင်းဆောင်အဆောက်အဦများနှင့် ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ငလျင်ဒဏ်သင့်ပြည်သူများလက်ဝယ်သို့ ဘိလပ်မြေအိတ်များ ပြင်ပပေါက်ဈေးထက် သက်သာစွာတိုက်ရိုက်ရောင်းချပေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့၊ ခရိုင်တရားရုံးနှင့် ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးအတွင်း၌ Modular Container House များဖြင့် (ယာယီ)ရုံးဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့၊ နန်းမြို့တွင်းရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော နန်းမြို့ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ဂန္ဓကုဋီတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ချမ်းအေးသာစံမြို့နယ်ရှိ ယခင်မင်္ဂလာဈေးနေရာတွင်ငလျင်ဘေးသင့်ပြည်သူများအတွက် ကုမ္ပဏီအသီးသီးမှ အိမ်ဆောက်ပစ္စည်းများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးနေမှုအခြေအနေများအားလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ “ ဆ ”ရပ်ကွက်ရှိ CROWN ဘိလပ်မြေအရောင်းဌာနသို့လည်းကောင်း၊ “ ဋ္ဌ ” ရပ်ကွက်ရှိ ကြံ့နှစ်ကောင်ဘိလပ်မြေ အရောင်းဌာနများသို့ လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများ လက်ဝယ်သို့ဘိလပ်မြေအိတ်များ ပြင်ပပေါက်ဈေးထက်သက်သာစွာတိုက်ရိုက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အောင်မြေသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော ဖြိုချဖျက်ဆီးပြီး အန္တရာယ်ရှိ အဆောက်အဦများအား အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများအားလိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ မဟာဒီပဲရင်းကျောင်းတိုက်များသို့လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရားသို့လည်းကောင်း၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ရှိ မဟာဝိဇယရံသီပုထိုးတော်ကြီးမြတ်စွာဘုရားသို့လည်းကောင်း၊ ဆင်စွယ်ပွတ်ကျေးရွာရှိ သတ္တဌာနဘုရားနှင့် တောင်သမန်ကျေးရွာရှိ မဟာသကျရံသီကျောက်တော်ကြီး မြတ်စွာဘုရားများသို့လည်းကောင်းသွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသော အပျက်အစီးများအား တပ်မတော်သားစစ်သည်များမှ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအားလည်းကောင်း၊ စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်ရာတွင် ထပ်မံသိမ်းဆည်းရရှိသော ဌာပနာပစ္စည်းများအား စနစ်တကျသိမ်းဆည်းထားရန် တို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား **“ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အဦများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲ”**သို့ တက်ရောက်ပြီး အဆောက်အဦများပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရဟန်းသံဃာများ၊ ဒေသခံပြည်သူများအား အဆောက်အဦများ ပြန်လည်တည်ဆောက်ရာတွင် တည်ဆောက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့်အသုံးပြုရမည့်ပစ္စည်းများအား ကျွမ်းကျင်သူများနှင့်တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်သွားရန် အသေးစိတ်ဆွေးနွေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့်ဒေသခံပြည်သူများမှ သိရှိလိုသည့်အချက်များအား တာဝန်ရှိသူများမှ ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် ကျောက်ဆည်မြို့၊ ခရိုင်တရားရုံးနှင့် ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးအတွင်း၌ Modular Container House များဖြင့် (ယာယီ)ရုံးဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် တပ်ဆင်ဆောက်လုပ်နေမှုအခြေအနေများအားလည်းကောင်း၊ဖောင်ရွှာ ရပ်ကွက်ရှိ ဖြဟ္မဝိဟာရဗိမာန်၌ စာဖြေသံဃာတော်များအတွက် ၄ ထပ်ဆောင်အား ပြန်လည်ပြုပြင်ရန်အတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စာဖြေခုံများနေရာရွှေ့ပြောင်းပို့ဆောင်နေမှုများ အားလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသောဘုရားစေတီများ၊ သာသနိကအဆောက်အဦများနှင့် လူနေအဆောက်အဦများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက်လိုအပ်လျက်ရှိသောဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများ၏တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အဦ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

⭑ ရှေ့ဖုံးမှအဆက်

ထိုသို့လိုက်လံကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အဦသို့ရောက်ရှိကြပြီး အပျက်အစီးများဖယ်ရှားရှင်းလင်းပြီးစီးမှု၊ အန္တရာယ်ရှိသည့်အပျက်အစီးများအား ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ရုံးခန်းအဆောက်အဦများ၌ ထိခိုက်ပျက်စီးမှု၊ ရုံးအဆောက်အဦရှေ့၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းလည်ပတ်မှုပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရုံးခန်းများအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အဦပတ်လမ်းအတိုင်း ထိခိုက်ပျက်စီးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များဖြင့် စစ်ဆေးချက်များအရ ရုံးအဆောက်အဦအား အပိုင်းအလိုက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်မည့်အခြေအနေများ၊ ဖြိုချဖျက်ဆီးရမည့်အပိုင်းများကို စနစ်တကျ ဖြိုချဖျက်ဆီးသွားမည့် အခြေအနေများ၊ ရုံးအနောက်ဘက်ခြမ်း၌ မြေထိန်းနံရံကို စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အဦနှင့် အလုပ်သမားဝန်ကြီးဌာနရုံး အဆောက်အဦတို့သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြီးမားခဲ့ရသည့် အဆောက်အဦများစာရင်း၌ပါဝင်ကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အဦများဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များ၏ အကြံဉာဏ်များရယူခြင်း၊ မြေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ စနစ်တကျ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အဦ၌ အပျက်အစီးများဖယ်ရှားရှင်းလင်းပြီးစီးမှု၊ အန္တရာယ်ရှိသည့်အပျက်အစီးများအား ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**❖ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အဦများဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များ၏ အကြံဉာဏ်များရယူခြင်း၊ မြေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ စနစ်တကျတွက်ချက်၍ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လို . . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအဆောက်အဦရှေ့၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

တွက်ချက်၍ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ **ကနဦးဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်၍ ရုံးအဆောက်အဦများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး ဆောင်ရွက်သွားရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလုပ်သမားဝန်ကြီးဌာနရုံးအဆောက်အဦ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects ministry buildings damaged earthquake, gives necessary instructions



Senior General Min Aung Hlaing inspects damage to the building of the Supreme Court of the Union in Nay Pyi Taw.

NAY PYI TAW May 27

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint Secretary of the SAC General Ye Win Oo, union ministers, the chairman of Nay Pyi Taw Council and officials, inspected the buidlings of the Supreme Court of the Union and the Ministry of Labour damaged by the Mandalay Earthquake this evening.

During the inspection, the Senior General and party arrived at the building of the Supreme Court of the Union and inspected the clearing of debris, the removal of dangerous ruins, damage to office buildings and opening and operations of temporary prefabricated offices in front of the form office buildings before giving necessary instructions on reports of responsible officials.

Then, the Senior General and party inspected the operations of the Ministry of Labour by opening temporary prefabricated offices to prevent the disruption of tasks and gave necessary instructions.

Afterward, the Senior General and party viewed round the damage by walking along the circuit of the labour ministry building and heard reports on reconstruction of the office building part by part based on inspection results of construction engineers and seismologists, plans to dismantle parts that are necessary to do so systematically and the need to build a retaining wall at the back of the office submitted by the union minister for construction.

After hearing the reports, the Senior General said the buildings of the Supreme Court of the Union and the Ministry of Labour are included in the list of severely damaged buildings due to the earthquake and it is necessary to consult with seismologists and construction engineers and conduct soil tests and proper calculations in reconstruction of them for their durability and earthquake resistance. Then, the Senior General gave instructions on timely completion of the reconstruction of the office building within the designated period by carrying out initial works as soon as possible and other needs.



Senior General Min Aung Hlaing inspects temporary fabricated offices of the Ministry of Labour in Nay Pyi Taw.



Senior General Min Aung Hlaing inspects temporary fabricated offices of the Ministry of Labour in Nay Pyi Taw.

# Republic of the Union of Myanmar
# State Administration Council
# Third Amendment to Civil Service Personnel Law
# (State Administration Council Law 39/2025)

## 1st Waxing of Nayon 1387 ME

## (27 May 2025)

The State Administration Council as enacted this law under Section 419 of the Constitution of the Republic of the Union of Myanmar.

1. This law shall be called the Third Amendment to the Civil Service Personnel Law.
2. Sub-section (h) of Section 10 of the Civil Service Personnel Law shall be substituted as follows: -
   "(h) attending advanced courses for the purpose of the position of Head of Service Organization conducted by ministries and organizations in addition to the courses set for relevant ranks by the Union Civil Service Board"
   Explanation: The advanced course for the purpose of the position of Head of Service Organization means the courses recognized by the UCSB for these ranks and duties.
3. Section 29 of the Civil Service Personnel Law shall be substituted as follows: -
   "Section 29: Except for special issues, in promoting ranks of the service personnel –
   (a) They must have attended the courses set for relevant ranks.
   (b) They must have attended the advanced course conducted by ministries and organizations for the positions and duties of Head of Service Organization.
   Explanation: The special issues mean reviews and decisions to promote rank of the service personnel by ministries and organizations depending on work performance and efficiency of those service personnel.
4. The expression "Central Institutes of Civil Services" mentioned in Section 35 of the Civil Service Personnel Law shall be substituted with "State Service Academies".

I signed this law under Section 419 of the Constitution of the Republic of the Union of Myanmar.

**Sd/Min Aung Hlaing**
**Senior General**
**Chairman**
**State Administration Council**

# Black-eyed beans trade thrives in Hinthada Township

HINTHADA May 27

The demand for black-eyed beans from Hinthada Township, Hinthada District, Ayeyawady Region has been strong, said Daw Khaing Khaing Oo, an agricultural products market entrepreneur from Hinthada Township.

The sales have been good since the second week of April this year and strong demand for white beans in Hinthada Township is due to the strong purchase of local black-eyed beans from the Yangon market and the shortage of local black-eyed beans.

"Local black-eyed beans are being bought not only from the local market but also from other regions. Local black-eyed beans are being bought from the Yangon market. As the bean production has decreased, the sales are brisk. At present, there are no new black-eyed beans in the region. In the region, black-eyed beans are abundant during the winter harvest," she said.

Agricultural traders in the region mainly transported local agricultural products to the Yangon market and in addition to black-eyed beans, they also shipped local products such as green grams, green beans, maize, and rice.

**SK**



# Farmers complete harvest of sweet corns in Kalewa Township

KALEWA May 27

Local farmers have completed 100 percent harvest of sweet corns in Kalewa Township of Sagaing Region, according to the statistics of Kalewa Township Agriculture Department.

In Kalewa Township, during the winter crop season, sweet corn was cultivated on up to 3,165 acres. It was reported that harvesting of these sweet corn plantations began in January of this year and has been completed as of today, with 100 percent of the acreage fully harvested. The yield was said to exceed 20,000 ears of corn per acre.

"The winter crop season in Kalewa Township saw sweet corn cultivated on 3,165 acres. Now, all of the planted areas have been completely harvested. In order to ensure a successful crop, awareness programs were conducted and efforts were made to prevent pest and disease outbreaks," said U Myo Naing, Head of the Township Agriculture Department.

Farmers cultivating sweet corn in Kalewa Township received training and participated in field demonstration events conducted by the Township Agriculture Department. They were also educated on preventive measures against pests such as fall armyworms, integrated pest management (IPM) systems, and how to properly use insecticides like Neem-based products, ginger, and chili extracts, as well as agricultural best practices.

Regarding maize and sweet corn cultivation in Kalewa Township, maize yields over 50 baskets per acre, with an estimated cost of over Ks-500,000 per acre and sweet corn yields approximately 15,000 ears per acre, with a cost of over Ks-500,000 per acre as well. **SMK**

# Russia warns US about Golden Dome scheme

MOSCOW May 27

The US is taking a “reckless approach” to global stability through its pursuit of a worldwide anti-ballistic missile defence system, Russian Foreign Ministry spokeswoman Maria Zakharova has said.

The initiative, backed by President Donald Trump and dubbed the Golden Dome, envisions a layered defense network capable of intercepting long-range threats. The system would include space-based interceptors and options for preemptive strikes. The Congressional Budget Office has projected the program’s cost could exceed US$-542 billion over two decades.

Zakharova warned on Tuesday the plan “directly undermines the foundations of strategic stability,” a view she said is also held by China. Addressing a Chinese media inquiry at a regular briefing, she noted that both governments had outlined their shared concerns in a joint statement earlier this month.

The statement, released on May 8, accused Washington of disregarding the longstanding link between offensive and defensive strategic forces, a principle the two countries described as central to maintaining global equilibrium. Moscow and Beijing also criticized the US declaration of space as a “warfighting domain” and the fact that the Golden Dome project requires further militarizing it.

Zakharova called on the US to reconsider its position and back a Russian-proposed treaty aimed at banning the deployment of weapons in space. Such a measure, she argued, would reduce the risk of an arms race beyond Earth’s atmosphere.

Earlier on Tuesday, North Korea issued a similar warning, stating that countries perceiving a threat from the US would be compelled to expand their military arsenals in response to the deployment of the Golden Dome.

**RT**

# Argentina urges UK to resume talks on Falkland Islands after Chagos deal

BUENOS AIRES May 27

The Argentine Foreign Ministry, against the backdrop of the UK's decision to transfer the Chagos Archipelago to Mauritius, has called on London to resume talks regarding the sovereignty of the Falkland Islands.


On Thursday, UK Prime Minister Keir Starmer announced the signing of a deal to transfer sovereignty over the Chagos Archipelago, where a UK-US military base is located, to Mauritius.

"Argentina welcomes the signing of the agreement between the British government and Mauritius regarding the Chagos Archipelago ... Argentina once again calls on the UK to resume talks on the sovereignty of the Malvinas Islands ... Restoring Argentina's full sovereignty over these territories and maritime spaces is a permanent goal of the country's foreign policy," the ministry said in a statement on Monday.

There has been a long-standing dispute between the governments of Argentina and the UK over sovereignty over the Falkland Islands. In 1982, the two countries fought a war that lasted for several weeks and ended in defeat for Buenos Aires. In March 2013, the islands held a referendum and voted 99.8 percent to remain a UK overseas territory. Argentina has not recognized the voting results.

**Sputnik**

# Car plows into crowd at Liverpool football celebrations




LIVERPOOL May 27

A car has plowed through a dense crowd of football supporters as they marched to celebrate Liverpool having won the Premier League title. Local police have confirmed that one person has been detained in relation to the incident.

It was not immediately clear how many have been injured in the incident, or if anyone has been killed.

Merseyside Police said a traffic collision between a car and a number of pedestrians was reported in the Liverpool city center around 6pm on Monday.

“The car stopped at the scene and a male detained,” the police said in a statement.

Videos circulating on social media show a black car driving through dozens of people in a large crowd. There’s also footage showing police trying to push the angry crowd away from the car, with some of its windows already smashed.

Another video circulating on X shows what appears to be the moments before the car sped into the crowd. One football fan can be seen grabbing for the door handle on the driver’s side as the car lurches forward a few feet to stop. The driver is seen slamming the door shut. The crowd appears to be throwing trash at the vehicle at this moment.

“The scenes in Liverpool are appalling – my thoughts are with all those injured or affected,” UK Prime Minister Keir Starmer said in a statement following the incident. “I want to thank the police and emergency services for their swift and ongoing response to this shocking incident,” he said.

A 53-year-old white British man has been arrested, the Merseyside Police said in a statement.

“We would ask people not to speculate on the circumstances surrounding tonight's incident,” officials said, adding that “extensive inquiries are ongoing to establish the circumstances.”

Thousands of Liverpool FC supporters were parading through the city streets on Monday, a day after their club won the Premier League, the highest football league in England.

**RT**

# Russia requests UN Security Council meeting on Ukraine — Russia’s UN envoy

UNITED NATIONS May 27

Russia has requested a meeting of the UN Security Council to discuss the threat emanating from European countries that have been seeking to hinder efforts to resolve the Ukraine conflict, Russian First Deputy Permanent Representative to the United Nations Dmitry Polyansky said.

"The European sponsors of the Kiev regime have asked that a meeting on the humanitarian situation in Ukraine be convened at 3:00 p.m. New York time (7:00 p.m. GMT) on May 29. We have decided to respond in kind and requested a meeting on threats being posed to global peace and security in the wake of actions by a number of European countries that have been hampering efforts toward resolving the Ukraine crisis," the Russian diplomat wrote on his Telegram channel. "We expect the Greek presidency [of the UN Security Council] to schedule it for 10:00 a.m. New York time (2:00 p.m. GMT) on May 30," he added.

According to Polyansky, Russia’s opponents at the UN, who he said sit waiting for the results of the Istanbul talks and a reaction from US President Donald Trump, seem to have lost their patience. "They find it important to keep the Ukraine topic active at the Security Council even if they risk missing out on a preferred sentiment for the new US administration," he maintained.

On May 16, Istanbul hosted the first round of negotiations between Russia and Ukraine after Russian President Vladimir Putin proposed renewing dialogue on May 11. After US leader Donald Trump told Kiev immediately to accept Putin’s proposal, Ukraine agreed to take part in talks. Prior to that, Vladimir Zelensky demanded a 30-day ceasefire as a condition for negotiations with Moscow.

As a result, Moscow and Kiev agreed to swap 1,000 POWs from each side, outline their vision of a ceasefire in detail, and continue the negotiation process. Russia’s chief negotiator, Presidential Aide Vladimir Medinsky, shared that the Russian side was pleased with the outcome.

**Tass**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 26 **can, could** and **(be) able to**

**26.3 Complete the sentences with** can/can't/could/couldn't **+ the following:**

believe ~~come~~ hear run sleep wait

1 I'm afraid I can't come to your party next week.

2 When Dan was 16, he................................ 100 metres in 11 seconds.

3 'Are you in a hurry?' 'No, I've got plenty of time. I.............................................. .'

4 I don't feel good this morning. I.................................................... last night.

5 Can you speak a little louder? I ........................................................................... you very well.

6 I was amazed when I heard the news. I .................................................................... it.

**26.4 Complete the answers to the questions with** was/were able to … .

1 A: Did everybody escape from the fire?

B: Yes. The fire spread quickly, but everybody was able to escape .

2 A: Did you finish your work this afternoon?

B: Yes, there was nobody to disturb me, so I ............................................... .

3 A: Did you solve the problem?

B: Yes, we did. It wasn't easy, but we ..................................................................................... .

4 A: Did the thief get away?

B: Yes. No-one realised what was happening and the thief ..................................................................... .

**26.5 Complete the sentences using** could, couldn't or managed to.

1 My grandfather travelled a lot. He could speak five languages.

2 I looked everywhere for the book, but I couldn't find it.

3 They didn't want to come with us at first, but we managed to persuade them.

4 Jessica had hurt her foot and .................................................. walk very well.

5 There was a small fire in the kitchen, but fortunately I ........................................................... put it out.

6 The walls were thin and I ...................................................................... hear people talking in the next room.

7 I ran my first marathon recently. It was very hard, but I ............................................................ finish.

8 My grandmother loved music. She ........................................................ play the piano very well.

9 We wanted to go to the concert, but we ............................................................ get tickets.

10 A girl fell into the river, but some people ............................................................ pull her out. She's all right now.

**Raymond Murphy**

# ကုန်ကျစရိတ်ကို ၉၀ ရာခိုင်နှုန်းသက်သာစေမယ့် အနာဂတ်စစ်သုံးရဟတ်ယာဉ်

ရဟတ်ယာဉ်ဆိုတာက စစ်ဘက်ရဲ့စစ်ဆင်ရေး လုပ်ငန်းတွေမှာသာမက အရပ်ဘက်ရဲ့ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေမှာလည်းသိပ်ကို အရေးတကြီးလိုအပ်လှတဲ့ ယာဉ်တစ်မျိုးဖြစ်ပါတယ်။ သမားရိုးကျရဟတ်ယာဉ်များကိုတည်ဆောက်မှုက ငွေကြေးကုန်ကျမှုအထိုက်အလျောက်များပြားလှတာကြောင့် စစ်ဘက်မှာသာမက အရပ်ဘက်မှာပါ တွင်ကျယ်စွာအသုံးပြုနိုင်မှုနည်းပါးပါတယ်။ ဒါကြောင့် လစ်သူရေးနီးယားနိုင်ငံအခြေစိုက် Airvolve ဆိုတဲ့ကုမ္ပဏီက မျိုးဆက်သစ်လေယာဉ်တစ်မျိုးကိုဖန်တီးဖို့ လုပ်ဆောင်နေတာတွေ့ရပါတယ်။




Aviation International News ဆိုတဲ့ သတင်းစာမှာဖော်ပြထားချက်အရ Airvolve ကုမ္ပဏီအနေနဲ့ သူတို့ဖန်တီးနေတဲ့ လေယာဉ်တစ်မျိုးကို Airlift လို့အမည်ပေးထားပြီး သူ့ရဲ့ဒီဇိုင်းပိုင်းကိုတော့ အဓိကအားဖြင့် ကုန်ပစ္စည်းတွေသယ်ဆောင်ဖို့အတွက်ဒီဇိုင်းရေးဆွဲထားတာဖြစ်တယ်လို့သိရပါတယ်။ ဒါ့အပြင် ဒီလေယာဉ်က ပြင်းထန်လှတဲ့ပတ်ဝန်းကျင်အခြေအနေမှာ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်မှာဖြစ်ကြောင်းနဲ့ ကုန်ကျစရိတ်အားဖြင့်လည်း ရဟတ်ယာဉ်ကြီးတစ်စင်းထုတ်လုပ်မှုရဲ့ အစွန်းထွက်မျှသာရှိမယ်လို့ ဆိုထားပါတယ်။

ဒီ Airlift လေယာဉ်က လက်ရှိရဟတ်ယာဉ်များနဲ့ အကြီးစားမောင်းသူမဲ့လေယာဉ်များထက် ကုန်ကျစရိတ်သက်သာမယ်၊ အသုံးပြုပုံရိုးရှင်းမယ်၊ ပိုပြီးတော့လည်း ဘေးကင်းစိတ်ချရမှုရှိစေမယ်ဆိုတာကတော့သေချာပါတယ်။ သူ့ကိုထုတ်လုပ်ရခြင်းအတွက် အဓိကရည်ရွယ်ချက်တစ်ခုက ငွေကုန်ပြီးအကျိုးရှိစေတဲ့အပြင် ပြင်းထန်တဲ့ပတ်ဝန်းကျင်အခြေအနေမှာ ရှင်သန်နိုင်စွမ်းမြင့်မားတဲ့ယာဉ်များကို ရှာဖွေနေသူများအတွက်ဖြစ်ပါတယ်။ ကုန်ကျစရိတ်သက်သာမှုကတော့ လက်ရှိရဟတ်ယာဉ်တွေတည်ဆောက်မှုထက် ၉၀ ရာခိုင်နှုန်းလောက်သက်သာမယ်လို့ဆိုပါတယ်။

မကြာသေးခင်မှာဖြစ်ပွားခဲ့တဲ့ တိုက်ပွဲဖြစ်စဉ်တွေ၊ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်တွေကြောင့် အခုလိုမျိုးဘက်စုံအသုံးပြုလို့ရတဲ့လေယာဉ်မျိုး တီထွင်ဖို့အတွက်ကို စိတ်ကူးရခဲ့တာဖြစ်တယ်လို့ Airvolve ရဲ့ CEO ဒိုနာတက်ဂျန်ဗီလက်ကပြောပါတယ်။

"အခုဆိုရင် ရဟတ်ယာဉ်ဆိုတာမျိုးက သမိုင်းထဲမှာပြန်ရှာရမယ့်အရာဖြစ်သွားစေတော့မှာပါ။ ရဟတ်ယာဉ်တစ်စင်းက အကြောင်းအမျိုးမျိုးကြောင့် ပျက်ကျသွားရတယ်ဆိုရင် ဒါကလူအား၊ ငွေအားနှစ်ခုစလုံးကိုဆုံးရှုံးမှုကြီးမားစေပါတယ်" လို့ သူကဆက်ပြောထားပါတယ်။

အခုစိတ်ကူးထားတဲ့ Airvolve ရဲ့ Airlift က ၄၄၁ ပေါင်အထိအလေးချိန်ရှိတဲ့ ကုန်စည်တွေကိုသယ်ဆောင်နိုင်မှာဖြစ်ပြီး အတွင်းပိုင်းအကျယ်အဝန်းဆိုရင်လည်း ၅ ကုဗမီတာရှိကာ အကွာအဝေးအားဖြင့် ၁၀၀ ကီလိုမီတာအထိသွားနိုင်မှာဖြစ်ပါတယ်။

သူ့အတွက်က သီးခြားလိုအပ်ချက်ရှိတယ်ဆိုတာမျိုးမရှိလာဘဲ လက်ရှိအသုံးပြုနေတဲ့ အခြေခံအဆောက်အဦများနဲ့ ဆက်လက်အသုံးပြုနိုင်စေမှာပါ။ ဒါ့အပြင် သူ့ကိုမောင်းနှင်နိုင်ဖို့အတွက် လေယာဉ်မောင်းသူသီးသန့်လိုအပ်စေမှာမဟုတ်ပါဘူး။

ဒီလေယာဉ်မှာ အဓိကပြုပြင်ပြောင်းလဲဆန်းသစ်ထားတာက ဒလက်တွေရဲ့ ဒီဇိုင်းပါ။ လက်ရှိသမားရိုးကျရဟတ်ယာဉ်များက ဒေါင်လိုက်ဝင်ရိုးကိုအသုံးပြုထားတာဖြစ်ပါတယ်။ Airlift ကတော့ အလျားလိုက်ဝင်ရိုးဒလက်တွေကို အသုံးပြုထားတာပါ။ ဒီအတွက်ကြောင့် ရဟတ်ယာဉ်ရဲ့ ဒလက်တွေကို ထီးကြီးတစ်ချောင်းလိုမျိုး ခေါက်သိမ်းလို့ရစေမှာဖြစ်ပါတယ်။

ဒီလိုပုံစံကို ဘိုးအင်းကုမ္ပဏီက ၁၉၃၀ ပြည့်နှစ်များမှာ ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပေမယ့်လည်း ကုန်ကြမ်းပစ္စည်းရှားပါးမှုကြောင့် ဒီဇိုင်းကိုစွန့်ပစ်ခဲ့ရတာပါ။ လက်ရှိခေတ်မီကုန်ကြမ်းပစ္စည်းများကတော့ ဒီဒီဇိုင်းအတွက် ကောင်းကောင်းကြီးအသုံးပြုနိုင်စေမယ်လို့ Airvolve ကယုံကြည်ထားပါတယ်။

Airlift အတွက်အသုံးပြုထားတဲ့ အင်ဂျင်စနစ်က သာမန်အင်ဂျင်မဟုတ်ဘဲ စွမ်းအင်နှစ်မျိုးသုံးအင်ဂျင်ကို အသုံးပြုထားတာပါ။ စွမ်းအင်တစ်မျိုးက လျှပ်စစ်စွမ်းအင်ဖြစ်ပြီး နောက်ထပ်စွမ်းအင်တစ်မျိုးက သမားရိုးကျလေယာဉ်အင်ဂျင်မျိုးဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်သုံးမော်တာက ရဟတ်ယာဉ်ပန်ကာဒလက်တွေကိုလည်ပတ်စေမှာဖြစ်ပြီး မောင်းနှင်အားအတွက်ကတော့ သမားရိုးကျအင်ဂျင်ကနေစွမ်းအားပေးမှာဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအင်အသုံးပြုထားပေမယ့်လည်း သူ့မှာကြီးမားတဲ့ဘက်ထရီတွေပါဝင်ခြင်းမရှိပါဘူး။ အရန်စနစ်အဖြစ် ဘက်ထရီအသေးစားများသာပါဝင်မှာပါ။ အင်ဂျင်အတွက်ကတော့ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင် Airvolve ကစဉ်းစားနေဆဲပါ။

Airlift ရဲ့နောက်ထပ်စွမ်းဆောင်ရည်များအနက် တစ်ခုကလိုအပ်မှသာရဟတ်ယာဉ်မောင်းသူက လိုက်ပါနိုင်မယ့်စနစ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် သူ့ကို အပြည့်အဝမောင်းသူမဲ့စနစ်အဖြစ် ဖန်တီးလာမှာဖြစ်လို့ပါပဲ။

လက်ရှိမှာတော့ ကုန်စည်သယ်ဆောင်ရေးအတွက်ကိုသာ ဦးစားပေးဖန်တီးနေတာဖြစ်တဲ့အတွက် နောက်ပိုင်းမှာဝယ်ယူသူများရဲ့သဘောထားအတိုင်း အဆင်ပြေအောင် ဖန်တီးပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

Ref: IE

ကိုထက်

# ကာဗွန်ဒိုင်အောက်ဆိုက်များကိုစုပ်ပြီး လေယာဉ်များကိုစွမ်းအင်ပေးမယ့် နည်းပညာ

လျှပ်စစ်စွမ်းအင်သုံး လေယာဉ်များအပါအဝင် အနာဂတ်သယ်ယူပို့ဆောင်ရေးစနစ်အတွက် ထိရောက်မှုရှိစေမယ့်စွမ်းအင်စနစ်အသစ်တစ်မျိုးကို မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်(MIT)မှ သုတေသနပညာရှင်များက ဖန်တီးတီထွင်လိုက်ပါတယ်။ သူတို့တီထွင်လိုက်တာက ဆိုဒီယမ်နဲ့လေကိုပေါင်းစပ်ထားတဲ့ လောင်စာဆဲလ်တစ်မျိုးဖြစ်ပါတယ်။




အဲဒီလောင်စာဆဲလ်များက ဆိုဒီယမ်နဲ့လေ ပေါင်းစပ်ဘက်ထရီတွေအတွက် သတ်မှတ်ထားတဲ့ ကန့်သတ်ချက်များကို ကျော်လွန်သွားစေတဲ့အပြင် သူ့ကိုအသုံးပြုထားတဲ့လေယာဉ်က ကောင်းကင်ပေါ်ပျံတက်သွားပြီဆိုတာနဲ့တစ်ပြိုင်နက် ကမ္ဘာမြေပေါ်မှာရှိတဲ့ ကာဗွန်ဓာတ်ငွေ့များကို စုပ်ယူရှင်းလင်းရာမှာ အကူအညီများစွာပေးစွမ်းနိုင်မှာပါ။

ကမ္ဘာ့နိုင်ငံများစွာက ရုပ်ကြွင်းလောင်စာအသုံးပြုမှုများကိုရှောင်ရှားလာတာနဲ့ အမျှ တစ်ဖက်မှာလည်းလိုအပ်တဲ့စွမ်းအင်အတွက် ဘက်ထရီများကိုအသုံးပြုလာကြပါတယ်။ လက်ရှိအချိန်အထိ အသုံးပြုထားတဲ့ဘက်ထရီတွေက လီသီယံ-အိုင်းယွန်းဘက်ထရီတွေဖြစ်ပါတယ်။ ဒါပေမဲ့ လီသီယံ-အိုင်းယွန်းဘက်ထရီများမှာ စွမ်းအင်သိုလှောင်မှုအတွက် အကန့်အသတ်ရှိပါတယ်။

ဒါကြောင့် အနာဂတ်မှာအသုံးပြုရမယ့် သယ်ယူပို့ဆောင်ရေးနည်းလမ်းများဖြစ်တဲ့ လျှပ်စစ်စွမ်းအင်သုံးလေယာဉ်များ၊ သင်္ဘောများ၊ မီးရထားများမှာ လျှပ်စစ်စွမ်းအင်အသုံးပြုနိုင်ဖို့ လီသီယံ-အိုင်းယွန်းဘက်ထရီများက အကန့်အသတ်ဖြစ်စေတာပါ။

အခုဆိုရင် MIT မှ သုတေသနပညာရှင်များရဲ့လက်တွေ့စမ်းသပ်မှုမှာ ဓာတ်ခွဲခန်းအဆင့်ရှေ့ပြေးပုံစံများအနက် တစ်ခုမှာ ဒေါင်လိုက်ဖန်တုံးနှစ်တုံးကိုအသုံးပြုလိုက်ပါတယ်။ ဖန်တုံးတစ်ခုထဲမှာက ဆိုဒီယမ်သတ္တုအရည်ထည့်သွင်းထားပြီး အခြားတစ်ခုမှာတော့ အောက်ဆီဂျင်လေကိုထည့်သွင်းထားတာဖြစ်ပါတယ်။ အဲဒီလေက လောင်စာဆဲလ်မှာဓာတ်ပြုမှုအတွက် အထောက်အကူပြုပေးတာဖြစ်ပါတယ်။ သူတို့နှစ်ခုရဲ့ဓာတ်ပြုမှုက ဆိုဒီယမ်အောက်ဆိုက်နဲ့ စွမ်းအင်ကိုထွက်ပေါ်စေတာပါ။

အဲဒီနောက်လေစီးကြောင်းရဲ့စိုထိုင်းဆကိုထိန်းချုပ်ခြင်းအားဖြင့် သုတေသီများက လောင်စာဆဲလ် တစ်ကီလိုဂရမ်မှာ လျှပ်စစ်ဓာတ်အား ဝပ် ၁၇၀၀ ကိုထွက်ရှိအောင်စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ သူ့ဆီကနေထွက်လာတဲ့ ဆိုဒီယမ်အောက်ဆိုက်က လေထုထဲမှစိုထိုင်းဆနဲ့သဘာဝအလျောက်ဓာတ်ပြုပြီးတော့ ဆိုဒီယမ်ဟိုက်ဒရောဆိုက်ကိုထွက်လာစေပါတယ်။ သူက ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ထပ်မံဓာတ်ပြုပြီး ဆိုဒီယမ်ကာဗွန်နိတ်ကိုထွက်လာစေပါတယ်။ အဲဒီဓာတ်ပေါင်းက သမုဒ္ဒရာထဲမှာ အဆုံးသတ်သွားပြီး သမုဒ္ဒရာကိုလည်း အက်စစ်ဓာတ်ပြယ်စေပါတယ်။

Ref: IE

ကိုထက်

# ဆီးရီးယားနှင့်အစ္စရေးတို့က လုံခြုံရေးနှင့်ပတ်သက်၍ တိုက်ရိုက်ဆွေးနွေးမှုများလုပ်ဆောင်

**ဒမတ်စကပ်၊ ဆက်ဆံရေး**

ဆီးရီးယားနှင့် အစ္စရေးအစိုးရတို့က နှစ်နိုင်ငံကြားရှိ လုံခြုံရေးကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် ပဋိပက္ခဖြစ်ပွားမှုများကို ကာကွယ်ရေးနှင့်တင်းမာမှုများလျော့ကျစေရေးတို့အတွက် မျက်နှာချင်းဆိုင်တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိကြောင်း ထိုကိစ္စနှင့်ပတ်သက်၍သိရှိသူများကပြောထားသည်။

ထိုကဲ့သို့ နှစ်နိုင်ငံကြားတိုက်ရိုက်ဆွေးနွေးမှုများလုပ်ဆောင်လာခြင်းသည် ဆယ်စုနှစ်များစွာအတွင်း အရှေ့အလယ်ပိုင်းဒေသ၌ဖြစ်ပွားနေသော ပဋိပက္ခနိုင်ငံများကြား ဆက်ဆံရေးတိုးတက်လာမှုကို ဖော်ညွှန်းပြသနေသည်။

လက်ရှိ အမေရိကန်သမ္မတ၏ အစိုးရကလည်း အစ္စရေးနှင့်ဆက်ဆံရေး တည်ဆောက်နိုင်ရေးအတွက် ဆီးရီးယားအစိုးရကို ထောက်ခံအားပေးကာ ဆီးရီးယားအပေါ်ဖိုးကြဲမှုများ လျှော့ချလုပ်ဆောင်လာနေသည့် အစ္စရေးအစိုးရ၏ လုပ်ဆောင်ချက်ကိုလည်း ထောက်ခံထားသည်။

ယခုတိုက်ရိုက်ဆွေးနွေးမှုတွင် ဆီးရီးယားဘက်မှ အဆင့်မြင့်လုံခြုံရေးတာဝန်ရှိသူတစ်ဦးဖြစ်သည့် ကူနီထရာပြည်နယ်အုပ်ချုပ်ရေးမှူး အာမတ်အယ်ဒါလာတီ ဦးဆောင်လျက်ရှိသော်လည်း အစ္စရေးဘက်မှ မည်သူကဦးဆောင်နေသည်ကို သတင်းအရင်းအမြစ်များက ပြောထားခြင်းမရှိပေ။

အထူးသဖြင့် ဆီးရီးယားနှင့်အစ္စရေးတို့သည် ဂိုလန်ကုန်းမြင့်ဒေသအရေးနှင့်ပတ်သက်၍ တင်းမာမှုများဖြစ်ပွားနေခြင်းဖြစ်သည်။ အဆိုပါဂိုလန်ကုန်းမြင့်ဒေသကိုအစ္စရေးဘက်က သိမ်းပိုက်ထားခြင်းဖြစ်သည့်အပြင် ဆီးရီးယားအပေါ်ဖိုးကြဲတိုက်ခိုက်မှုများ မကြာခဏလုပ်ဆောင်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် သီတင်းပတ်ကမှ ထိုတိုက်ခိုက်မှုများကို လျှော့ချလိုက်ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: TST**



# နီပေါနိုင်ငံမှ ဧဝရတ်တောင်တက်သမားက ဧဝရတ်တောင်ပေါ် ၃၁ ကြိမ်တက်ပြီး ကိုယ့်စံချိန်ကိုယ်ချိုး

**ခတ္တမန္ဒူ၊ ကမ္ဘာ့စံချိန်**

နီပေါနိုင်ငံမှ ဧဝရတ်တောင်တက်သမားတစ်ဦးက အဆိုပါကမ္ဘာ့အမြင့်ဆုံးတောင်ပေါ်သို့ ၃၁ ကြိမ်မြောက်တက်ရောက်ခြင်းဖြင့် ကိုယ့်စံချိန်ကိုယ်ချိုးလိုက်နိုင်ကြောင်း သိရသည်။



ကာမီရီတာအမည်ရှိ ထိုတောင်တက်သမားသည် မေလ ၂၇ ရက်တွင် ဧဝရတ်တောင်ပေါ်သို့ ၃၁ ကြိမ်မြောက်အဖြစ် တက်ရောက်နိုင်ခြင်းဖြစ်သည်။ ၎င်းအနေဖြင့် ၁၉၉၄ ခုနှစ်တွင် ဧဝရတ်တောင်ထိပ်သို့ ပထမဆုံးတက်ရောက်နိုင်ပြီးနောက် နှစ်ပေါင်း ၃၀ အကြာတွင် ယခုကဲ့သို့စံချိန်အသစ်ကိုတင်နိုင်ခြင်းဖြစ်သည်။

ကာမီရီတာကဲ့သို့တောင်တက်သမားသည် နီပေါနိုင်ငံအတွက် တောင်တက်သူရဲကောင်းတစ်ဦးဖြစ်သည်သာမက ကမ္ဘာပေါ်မှာပါ နှစ်ယောက်မရှိနိုင်သည့် တောင်တက်သမားအဖြစ် စံချိန်တင်လိုက်နိုင်ခြင်းဖြစ်ကြောင်း ဧဝရတ်တောင်တက်အဖွဲ့ကထုတ်ပြန်ထားသည်။ ကာမီရီတာသည် အိန္ဒိယတပ်မတော်မှတောင်တက်အဖွဲ့ကိုဦးဆောင်၍ ဧဝရတ်တောင်ပေါ်သို့တက်နိုင်ခဲ့ခြင်းဖြစ်သည်။ **Ref: BP**

# အင်ဒိုနီးရှားက အခမဲ့အာဟာရကျွေးမွေးရေးအတွက် ဒေါ်လာ ၁၃ ဘီလီယံကျော်သတ်မှတ်

**ဂျကာတာ၊ ပြည်တွင်းရေး**

အင်ဒိုနီးရှားအစိုးရက ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် အခမဲ့အာဟာရကျွေးမွေးမှုအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၄ ဘီလီယံခွဲဝေသတ်မှတ်လိုက်ပြီး ထိုအစီအစဉ်မှ အကျိုးကျေးဇူးခံစားရမည့်သူ ၈၂ ဒသမ ၉ သန်းအထိရှိမည်ဖြစ်ကြောင်း အမျိုးသားအာဟာရအေဂျင်စီက မေလ ၂၇ ရက်တွင်ထုတ်ပြန်ထားသည်။

ယခုကဲ့သို့လူပေါင်း ၈၃ သန်းနီးပါးကို အာဟာရကျွေးမွေးနိုင်ရေးအတွက် စက်တင်ဘာလကုန်တွင် အာဟာရကျွေးမွေးရေးဌာနပေါင်း ၁၅၀၀၀ နှင့် ယခုနှစ်ကုန်တွင် ဌာနပေါင်း ၃၀၀၀၀ ကျော်ရှိလာစေရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထိုအေဂျင်စီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ အခမဲ့အာဟာရကျွေးမွေးရေးအစီအစဉ်တွင် ကျောင်းသားများနှင့် ကိုယ်ဝန်ဆောင်များအားလုံးပါဝင်ကြောင်း သိရသည်။ **Ref: Xinhua**

## သတင်းတိုကဏ္ဍ

# အမေရိကန်၏ ရွှေကွန်ချာစနစ်နှင့်ပတ်သက်၍ ရုရှားသတိပေး

အမေရိကန်နိုင်ငံသည် ရွှေကွန်ချာဟု အမည်ပေးထားသော ဒုံးကျည်ကာကွယ်ရေးစနစ်ကိုတည်ဆောက်ခြင်းအားဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာတည်ငြိမ်မှုအပေါ် ပျက်ပြားစေမည့် အဆင်ခြင်မဲ့နည်းလမ်းကိုအသုံးပြုနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာကပြောသည်။

ထရမ့်အစိုးရကအကောင်အထည်ဖော်မည့် ရွှေကွန်ချာစနစ်သည် တာဝေးပစ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်စေရေးအတွက် အလွှာလိုက်ကာကွယ်ရေးကွန်ရက်တစ်ခုဖြစ်သည်။

အဆိုပါစနစ်တွင် အာကာသအခြေပြုကြားဖြတ်ဒုံးကျည်များအပြင် ကြိုတင်လက်ဦးမှုယူတိုက်ခိုက်မှုလုပ်ဆောင်ရေးအတွက် နည်းလမ်းများပါဝင်နေသည်။ ထို့ပြင် ယင်းစနစ်အတွက်အသုံးပြုရမည့် ငွေကြေးပမာဏသည် ဒေါ်လာ ၁၇၅ ဘီလီယံအထိရှိမည်ဖြစ်သည်။ ထိုစနစ်က မဟာဗျူဟာမြောက်တည်ငြိမ်အေးချမ်းမှု၏အုတ်မြစ်များကို ယိုင်နဲ့စေမည်ဖြစ်ကြောင်း ဇာခါရိုဗာက မေလ ၂၇ ရက်တွင် သတိပေးထားသည်။ **Ref: RT**

# ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း၌ နေ့အပူချိန်များ အလွန်အမင်း မြင့်တက်လာနိုင်

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ ဒေသ ၂၂ ခုတွင် နေ့အပူချိန်များ အလွန်အမင်းမြင့်တက်လာနိုင်ကြောင်း မိုးလေဝသဌာနက မေလ ၂၇ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားသည်။

မေလ ၂၈ ရက်တွင် ထိုဒေသ ၂၂ ခု၌ နေ့အပူချိန်များသည် ၄၂ ဒီဂရီစင်တီဂရိတ်မှ ၄၅ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်လာနိုင်ကြောင်း၊ အပူချိန်များမြင့်တက်မှုကြောင့် ကြွက်တက်ခြင်း၊ မောပန်းခြင်းနှင့်အပူလျှပ်ခြင်းဝေဒနာများခံစားရစေနိုင်ကြောင်း သတိပေးချက်တွင်ဖော်ပြထားသည်။

ထို့ကြောင့်ပြည်သူများအနေဖြင့်နေအိမ်ပြင်ပသို့ထွက်၍ လုပ်ငန်းကိစ္စများကိုဆောင်ရွက်ခြင်းရှောင်ရှားကာ ရေဓာတ်ပြည့်ဝအောင်စားသောက်ရန်နှင့် လေဝင်လေထွက်ကောင်းမွန်သည့် အဝတ်အစားများကိုဝတ်ဆင်ရန် မိုးလေဝသဌာန၏ ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ မတ်လမှ မေလအတွင်းသည် ဖိလစ်ပိုင်နိုင်ငံအတွက် နွေရာသီကာလဖြစ်ပြီး အလွန်ပူပြင်းလေ့ရှိကြောင်းသိရသည်။ **Ref: Xinhua**

# ရုရှားက ငြိမ်းချမ်းရေးသဘောတူစာချုပ်မူကြမ်းကို ယူကရိန်းသို့မကြာမီပေးပို့မည်

ရုရှားအစိုးရသည် ၎င်းတို့ရေးဆွဲထားသောငြိမ်းချမ်းရေးသဘောတူစာချုပ်မူကြမ်းကို ယူကရိန်းအစိုးရထံသို့ မကြာမီပေးပို့သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက မေလ ၂၇ ရက်တွင် ထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံအနေဖြင့် အနာဂတ်ငြိမ်းချမ်းရေးသဘောတူစာချုပ်မူကြမ်းကို ရေးဆွဲနေကြောင်း၊ ထိုမူကြမ်းတွင် နှစ်ဦးနှစ်ဖက်ပြေလည်စေရေး အခြေခံသဘောတရားများ၊ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိနိုင်မည့် အချိန်သတ်မှတ်ချက်နှင့် လုပ်ဆောင်နိုင်ဖွယ်ရှိသည့် အပစ်အခတ်ရပ်စဲရေးအခြေအနေများပါဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ယူကရိန်းနိုင်ငံအနေဖြင့်လည်း ၎င်းတို့ရေးဆွဲထားသည့် ငြိမ်းချမ်းရေးသဘောတူစာချုပ်မူကြမ်းကိုပြန်လည်ပေးပို့မည်ဟု ရုရှားကယုံကြည်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ဟု သိရသည်။ **Ref: Xinhua**

# ဂါဇာတွင်ချက်ချင်းအပစ်အခတ်ရပ်စဲရေးအတွက် အီဂျစ်နှင့်စပိန်တို့တိုက်တွန်း

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးက လုပ်ဆောင်နေသော စစ်ဆင်ရေးများနှင့် ပါလက်စတိုင်းပြည်သူများကို ၎င်းတို့၏နေရာမှနှင်ထုတ်ရေးကြိုးပမ်းမှုများကို ဆန့်ကျင်ကန့်ကွက်ကြောင်းနှင့် ဂါဇာတွင် ချက်ချင်းအပစ်အခတ်ရပ်စဲရေးကို တိုက်တွန်းကြောင်း အီဂျစ်သမ္မတနှင့် စပိန်ဝန်ကြီးချုပ်တို့က မေလ ၂၇ ရက်တွင်ပြောသည်။

အီဂျစ်သမ္မတနှင့် စပိန်ဝန်ကြီးချုပ်တို့သည် တယ်လီဖုန်းဆက်ဆွေးနွေးမှုများလုပ်ဆောင်စဉ် ဂါဇာဒေသ၌ အစ္စရေး၏ လုပ်ဆောင်မှုများကို ကန့်ကွက်ကြောင်း ပြောထားခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါခေါင်းဆောင်နှစ်ဦးက ဂါဇာဒေသအတွင်း ချက်ချင်းအပစ်အခတ်ရပ်စဲရန်နှင့် ထိုဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရန်တိုက်တွန်းကြောင်း ပြောထားသည်။

အလားတူ အစ္စရေးနှင့်ပါလက်စတိုင်းကိစ္စကို နှစ်နိုင်ငံထူထောင်မှုဖြေရှင်းချက်ဖြင့် ပြေလည်အောင်ဖြေရှင်းသွားရန်လည်း အရေးကြီးကြောင်း ၎င်းတို့ကပြောထားသည်ဟုသိရသည်။ **Ref: Xinhua**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၆၇ ဦး ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ရာတွင် ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့်ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၆၆ ဦး၊ ချဒ်နိုင်ငံသားတစ်ဦး စုစုပေါင်း ၆၇ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ချဒ်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Saad Ahmat Moussa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Ms. Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၁၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသားတိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေးလွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

## ● ကျောဖုံးမှအဆက်

မြန်မာ့မီးရထားအနေဖြင့် ယာယီပိတ်ထားရသည့် ရထားလမ်းပိုင်းအတွင်း ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာသယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက လမ်းချော်ကျခဲ့သည့် ကျောက်ရထားအား ပြန်လည်မတင်ခြင်း၊ ရထားလမ်းပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေလ ၂၅ ရက်မှ ယနေ့အထိ နေ့/ညမပြတ်ဆောင်ရွက်ခဲ့ကြပြီး လမ်းပိုင်းအတွင်း စက်မှုအထူးရထားဖြင့် စမ်းသပ်ပြေးဆွဲ၍ ယနေ့ ညနေ ၅ နာရီခွဲအချိန်တွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းပိုင်းပြန်လည်ဖွင့်လှစ်မှုကြောင့် ပဲခူး-မော်လမြိုင်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ကုန်ရထားနှင့်ကျောက်ရထားများအား ယနေ့မှစ၍ ပြန်လည်ပြေးဆွဲပေးလျက်ရှိပြီး လူစီးရထားများဖြစ်သည့် အမှတ်(၈၁)အဆန်နှင့် အမှတ်(၈၂)အစုန် ရန်ကုန်-မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားများအား မေလ ၂၈ ရက်မှစတင်၍ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။




ထို့ပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့် လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မြန်မာ့မီးရထား**

## "တိုင်ကြားနိုင်ပါကြောင်းပြည်သူသို့အသိပေးခြင်း"

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့်လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာ ဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

( က ) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

( ခ ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့်အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

( ဂ ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမဖြစ်မနေ ပူးတွဲပေးပို့ရန်၊

( ဃ ) တိုင်ကြားချက်ပါအကြောင်းအရာများမှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်ပြီး ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ၂၇-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၇၆၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စီးပွားဖြစ် ငုံးမွေးမြူရာတွင် သိသင့်သည်များ

## ကိုကျော်စွာ(ကျိုက်ပီ)

မြန်မာနိုင်ငံမှာ စိုက်ပျိုးမွေးမြူရေးကို အဓိက လုပ်ကိုင်ကြသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍ ပြည်သူတို့၏အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားကို မြှင့်တင်ကြရသည်။ စိုက်ပျိုးမွေးမြူရေးကို ပြည်တွင်းစီးပွားရေးအပြင် ပြည်ပပို့ကုန်အဖြစ်လည်း တင်ပို့ပြီး စိုက်ပျိုးမွေးမြူသူများအနေဖြင့် အခြေခံစီးပွားရေးကို ခိုင်မာတောင့်တင်းစေရန်ဖြစ်သည်။ မြန်မာနိုင်ငံမှာ မွေးမြူရေးအနေဖြင့် ဝက်မွေးမြူရေး၊ ကြက်မွေးမြူရေး၊ ကျွဲ၊ နွားမွေးမြူရေး၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေး၊ ဘဲမွေးမြူရေးစသည်ဖြင့် အမျိုးမျိုးရှိသည်။ ထိုမွေးမြူရေးလုပ်ငန်းများအနက် ငုံးမွေးမြူရေးလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ငုံးဥသည် လူကြိုက်များသော ဥတစ်မျိုးဖြစ်သည်။ ငုံးကိုဥအတွက်မွေးမြူကြသလို အသားအတွက်လည်းမွေးမြူကြသည်။ အထူးသဖြင့် ငုံးကို ဥထုတ်လုပ်ရန်အတွက်သာ မွေးမြူကြသည်။ ဥထုတ်ပြီးငုံးများကိုမူ အသားအဖြစ်ပြန်လည်ထုတ်လုပ်ကြသည်။ စာရေးသူအနေဖြင့် ငုံးမွေးမြူရေးလုပ်ငန်းအကြောင်းကို လေ့လာတင်ပြမည်ဖြစ်သည်။

**ငုံးအမျိုးအစားနှင့်သဘာဝ**

ငုံးသည် ရစ်ငှက်မျိုးနွယ်ဝင်ဖြစ်ပြီး အင်္ဂလိပ်လို Quail ဟုခေါ်သည်။ သိပ္ပံအမည်မှာ Coturnix ဖြစ်သည်။ ငုံးသည် ငှက်တစ်မျိုးဖြစ်သည်။ အကောင်အရွယ်အစားက လက်သီးဆုပ်ခန့်ရှိသည်။ အလျား ၆ လက်မခန့်ရှိပြီး သေးငယ်ကျစ်လျစ်သည်။ အဖိုနှင့်အမမှာ အရောင်အဆင်းမတူကြပေ။ ငုံးဖိုမှာ ကျောဘက်တွင် အမည်းပြောက်နှင့် သံချေးရောင်ခပ်မှိုင်းမှိုင်းအပြောက်ပါရှိသည်။ ခြေထောက်က အဝါရောင်ဖြစ်သည်။ ငုံးမမှာမူ ငုံးဖိုထက် အရောင်ဖျော့သည်။ ဝမ်းဗိုက်နှင့်ရင်မှာ အညိုဝါရင့်ရောင်ရှိသည်။ ရင်နှင့်ဘေးမှာ အမည်းကန့်လန့်စင်းများသည်။ မြန်မာနိုင်ငံတွင် မိုးဥတု၌ ဥတတ်ကြသည်။ တချို့က ဇန်နဝါရီလမှာလည်း ဥတတ်ကြသည်။ ဥအရောင်မှာ အဝါရောင်၊ အညိုရင့်ရောင်စသည်ဖြင့်ရှိသည်။ ကိုတာနစ်ချိုင်းနန်းဆစ်ငုံးမျိုးကို မြန်မာနိုင်ငံ ရှမ်းကုန်းမြင့်ဒေသများ၌တွေ့ရတတ်သည်။ ငုံးအမျိုးအစားသုံးမျိုးရှိသည်။ ကိုတာနစ်ချိုင်းနန်းဆစ်ငုံးနှင့် ကိုတာနစ်ကိုရိုမန်လစ်ဒ်အမည်ရှိငုံးတို့ဖြစ်သည်။ ကိုတာနစ်ချိုင်းနန်းဆစ်ငုံး၏အရောင်အဆင်းနှင့် အရွယ်အစားမှာ အထက်မှာစာရေးသူဖော်ပြခဲ့သည့်အတိုင်းဖြစ်သည်။ ကိုတာနစ်ကိုရိုမန်လစ်ဒ်ငုံးသည် အလျား ၇ လက်မခန့်ရှိသည်။ ငုံးဖို၏ရင်ပိုင်းမှာ အလွန်မည်းနက်သည်။ ကျယ်လောင်စွာအော်မြည်တတ်ပြီး နေရာတစ်ခုတည်းတွင်ကျက်စားတတ်သည်။ မြေပေါ်တွင် ဥတတ်ပြီး ဖေဖော်ဝါရီလမှ အောက်တိုဘာလအတွင်း ဥမှအကောင်ပေါက်သည်။ နောက်တစ်မျိုးမှာ ကိုတာနစ်ဂျပွန်နီကာငုံးမျိုးဖြစ်သည်။ အလျား ၇ လက်မ - ၈ လက်မခန့်ရှိပြီး အမြီးလုံးဝမရှိပေ။ ဦးခေါင်းအဖြူရစ်များသည်။ ကျောဘက်ကမည်းသည့်အပြင် အညိုကွက်များလည်းပါသည်။ အသိုက်ကိုစိုက်ခင်းများ၊ မြက်ခင်းများတွင်ပြုလုပ်လေ့ရှိကြသည်။ ဥမှာ နီဝါရောင်ရှိသည်။ သားပေါက်ချိန်မှာ မတ်လမှ မေလအတွင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်မွေးမြူသောငုံးအမျိုးအစားမှာ ကိုတာနစ်၊ ကိုတာနစ်ဂျပွန်နီကာမျိုးတို့ဖြစ်သည်။ ကိုတာနစ်ဂျပွန်နီကာမျိုးကို ဂျပန်မျိုးဟုလည်းခေါ်ကြသည်။

**ငုံးသားဖောက်ခြင်း**

ငုံးမွေးမြူရာတွင် တချို့ကအကောင်လိုက်ဝယ်ယူမွေးမြူကြသလို ကိုယ်တိုင်သားဖောက်မွေးမြူသူများလည်းရှိသည်။ ငုံးသားဖောက်ရန်အတွက် သားဖောက်မည့်ငုံးကို စနစ်တကျရွေးချယ်ရသည်။ ငုံးဥကိုအလုံးကြီးကြီး၊ အလုံးသေးသေး ဥများကို ရွေးချယ်ခြင်းမပြုသင့်ပေ။ မကြီးလွန်းမငယ်လွန်းသောဥများကိုရွေးချယ်ရပါမည်။ သားဖောက်ရန်အတွက် ရွေးချယ်ထားသောဥများကို သိမ်းဆည်းရာတွင် ရက်ကြာကြာမထားသင့်ပေ။ သားဖောက်မည့်ဥများကိုရွေးချယ်ပြီးပါက လေးရက်ထက်မကျော်လွန်သင့်ပေ။ သတ်မှတ်ရက်ကျော်လွန်သောဥများကို သားဖောက်မည်ဆိုပါက အကောင်ပေါက်ရာတွင် သန်စွမ်းမှုသိပ်ရှိမည်မဟုတ်ပေ။ သားမဖောက်မီဥများကိုသိမ်းဆည်းရာတွင် အပူချိန်လုံလောက်သောနေရာတွင်သိမ်းဆည်းထားဖို့လိုသည်။ ငုံးသားဖောက်ရာတွင် သားဖောက်စက်ဖြင့် ဖောက်ကြသည်။ ဖောက်စက်သည် အပူချိန်ကွာခြားမှုမရှိဖို့ အထူးဂရုစိုက်ရမည်။ အပူချိန်လျော့ပါက သားပေါက်ကြန့်ကြာသည်။ သားဖောက်ရာတွင် အဓိကရည်ရွယ်ချက်မှာ သားပေါက်နှုန်းကောင်းပြီး ငုံးသားပေါက်များ ကျန်းမာသန်စွမ်းကာ ဖွံ့ဖြိုးဖို့အဓိကဖြစ်သည်။ ထို့ပြင် ဖောက်စက်ကိုသင့်လျော်သည့်နေရာတွင် ထားရှိရန်လိုအပ်သည်။ ဖောက်စက်ထားသည့် အခန်းထဲသို့ လေဝင်လေထွက်ကောင်းအောင်ပြုလုပ်ပေးထားရသည်၊ ဖောက်စက်ကိုသစ်သားနံရံ သို့မဟုတ် အုတ်နံရံကာထားသည့်နေရာအနီးတွင် ထားရှိပေးရမည်။ အပူချိန်ပြောင်းလဲမှုမရှိဘဲ တစ်သမတ်တည်းရှိသောနေရာကိုသာရွေးချယ်သားဖောက်ဖို့လိုသည်။ ငုံးဥများကို ဖောက်စက်ထဲသို့စနစ်တကျထည့်ပြီးပါက အေးသောရာသီဥတုဆိုလျှင် အပူချိန် ၁၀၁ ဒီဂရီဖာရင်ဟိုက်ရှိရမည်ဖြစ်ပြီး ပူသောရာသီတွင် ၉၅ ဒီဂရီဖာရင်ဟိုက်ထားပေးရမည်။ အပူချိန်များလျှင်လည်း ငုံးသားပေါက်လေးများ ခွန်အားနည်းပါးခြင်း၊ ဥဥသည့်အရွယ်ရောက်လျှင်ဥဥနှုန်းမကောင်းခြင်း၊ တချို့ကလုံးဝမဥတော့ပေ။ ဥဖောက်ရန်ညီမျှသော အပူချိန်ပေးထားချိန်တွင် ဥကိုသုံးကြိမ်လှည့်ပေးရမည်။ အကောင်ပေါက်ရန် ၁၄-၂၀ ရက် ကြာတတ်သည်။

အကောင်ပေါက်လာပါက ဖောက်စက်ထဲတွင် ၁၀ နာရီခန့်ထားပြီးနောက်မှ အပူငွေ့ပေးအိမ်အတွင်းသို့ပြောင်းရွှေ့ပေးရသည်။ အပူပေးအိမ်ကို အလျား ၄ ပေ၊ အနံ ၂ ပေ၊ အမြင့် ၈ လက်မပြုလုပ်ပေးရမည်။ ငုံးအိမ်တစ်ဝက်ကို ပျဉ်ဖြင့်အလုံပိတ်ပြီး ကျန်တစ်ဝက်ကိုသံဆန်ခါဖြင့်ပိတ်ရမည်။ ထိုနေရာမှာ အပူပေးရန် လျှပ်စစ်မီးသီးထားရမည်။ အခင်းကို သံဆန်ခါကွက်ခင်းပေးရသည်။

**ငုံးသားပေါက်အပူပေးခြင်း**

ငုံးအိမ်ကို အထက်ပါအတိုင်းပြုလုပ်ပြီးနောက် ငုံးအိမ်သံဆန်ခါအခင်းပေါ်တွင် ဂုန်နီအိတ်ခင်းပြီး ထိုအပေါ်မှစက္ကူခင်းပေးရသည်။ ထိုစက္ကူအခင်းပေါ်တွင် ငုံးပေါက်ကလေးများအတွက် အစာပုံးနှင့်ရေခွက်ထားပေးရမည်။ ငုံးငယ်များအား အပူပေးရာတွင် ရက်သားအလိုက်ပေးရသည်။ ရက်သားအလိုက်အပူချိန်မတူပေ။

| **- ရက်သား** | **အပူချိန်** |
|---|---|
| - ၁ မှ ၇ ရက်သား | - ၆၀ မှ ၇၀ ဒီဂရီဖာရင်ဟိုက် |
| - ၇ မှ ၂၄ ရက်သား | - ၄၀ မှ ၄၅ ဒီဂရီဖာရင်ဟိုက် |
| - ၂၅ မှ ၂၈ ရက်သား | - ၁၅ မှ ၂၀ဒီဂရီဖာရင်ဟိုက် |

စသည်တို့ဖြစ်သည်။

ငုံးကလေးများသည် ၂၈ ရက်ကျော်ပါက မီးပေးစရာမလိုပေ။ ထို့နောက် မီးလွတ်ငုံးပေါက်ကလေးများအား ငုံးအိမ်အတွင်းအကောင်ရေခွဲ၍ မွေးမြူရမည်ဖြစ်သည်။ ဖော်ပြပါအပူချိန်များကို အေးသောရာသီဥတုနှင့် ညအချိန်များတွင် ရက်သားအလိုက်ငုံးများအတွက် အပူချိန်ကို အထက်ဖော်ပြပါအပူချိန်အောက် လျော့ကျခြင်းမရှိအောင် အထူးဂရုစိုက်လုပ်ဆောင်ပေးရပါမည်။

**ငုံးအိမ်တည်ဆောက်ခြင်း**

မီးလွတ် ၂၈ ရက်သားငုံးကလေးများကို ငုံးအိမ်အတွင်း အကောင်ရေခွဲမွေးမြူမည်ဆိုပါက ငုံးအိမ်



တည်ဆောက်ပေးရမည်ဖြစ်သည်၊ ငုံးအိမ်တည်ဆောက်ရာတွင် အလျား ၁ ပေ၊ အနံ၁ ပေ၊ အမြင့် ၁ ပေရှိရမည်။ အခန်းဆက်အနေဖြင့် လေးခန်းမှခြောက်ခန်းတွဲအထိပြုလုပ်နိုင်သည်။ အခန်းတွဲအခန်းဆက်နေရာတွင်၂ လက်မခြားထားပေးရသည်။ ခြားထားသည့်နေရာသည် ငုံးချေး၊ အံဆွဲထားရန်ဖြစ်သည်။ အခင်းကို ငါးမူးကွက်ခြောက်ထောင့်သံဆန်ခါ ကာပေးရမည်။ အလယ်အခန်းနံရံများကို ပျဉ်ချပ်များဖြင့် အလုံပိတ်ထားရမည်။ ငုံးအိမ်ရှေ့တံခါးပေါက်ကို တံခါးဆုံလည်ဖြင့်ထားပေးရသည်၊ ငုံးချေးခံခွက်ထားပေးပြီး ချေးခံခွက်အတွင်း လွှစာမှုန့်ခင်းပေးကာ တစ်ပတ်တစ်ခါလှည်းပေးရမည်။ ငုံးစင်အဆင့်တိုင်း၏ ဘေးတစ်ဖက်တွင် လွှစာမှုန့်နှင့်ရေအား ရေတံလျှောက်ဖြင့်တည်ပေးရမည်။ သောက်ရေအား တစ်နေ့နှစ်ကြိမ်လဲပေးရသည်။ အားဆေးတိုက်ကျွေးမည်ဆိုပါက လိုအပ်သောအားဆေးကို ရေအတွင်းထည့်သွင်းတိုက်ကျွေးနိုင်သည်၊ အခန်းတွဲလေးတွဲရှိငုံးအိမ်တစ်လုံးတွင် ငုံးကောင်ရေ ၆၀ မှ ၈၀ အထိထည့်သွင်းမွေးမြူနိုင်သည်၊ ခြောက်ဆင့်ငုံးအိမ်တစ်လုံးတွင် ငုံးကောင်ရေ ၁၄၀ မှ ၁၈၀ အထိမွေးမြူနိုင်သည်။ ဥစားငုံးဆိုလျှင် ခြံဖြင့် မွေးမြူမည်ဆိုပါက ၁ ပေပတ်လည်ခြံတစ်ခြံတွင် ငုံးကောင်ရေ ငါးကောင်သာမွေးမြူနိုင်သည်။ အကောင်ဖောက်ရန်မျိုးဥအတွက်မွေးမြူမည်ဆိုပါက ၁ ပေပတ်လည်ခြံတစ်ခြံတွင် ငုံးမသုံးကောင်၊ ငုံးထီးတစ်ကောင်နှုန်းထားရှိရမည်ဖြစ်သည်။ ငုံးတစ်ကောင်၏သက်တမ်းမှာ သုံးနှစ်ကျော်ဖြစ်သည်။

**ငုံးမွေးမြူရာတွင်သိသင့်သည်များ**

ငုံးမွေးမြူရာတွင် ကိုယ်တိုင်ဥဖောက်မွေးမြူနိုင်သလို ငုံးအရွယ်အစားအလိုက်ဝယ်ယူ၍လည်းမွေးမြူနိုင်သည်။ အရွယ်အစားအလိုက်မွေးမြူမည်ဆိုပါက မွေးမြူနိုင်သည့်အရွယ်အစားမှာအောက်ပါအတိုင်းဖြစ်သည်-

- ၂ ရက်သားငုံးကလေးများအားဝယ်ယူမွေးမြူခြင်း
- ၇ ရက်သားငုံးများအားဝယ်ယူမွေးမြူခြင်း
- ၁၄ ရက်သားငုံးများအား ဝယ်ယူမွေးမြူခြင်း
- ၂၁ ရက်သားငုံးများအား ဝယ်ယူမွေးမြူခြင်း
- ၂၈ ရက်သား မီးလွတ်ငုံးအားဝယ်ယူမွေးမြူခြင်း
- ၃၅ ရက်သားငုံးအားဝယ်ယူမွေးမြူခြင်း
- ၄၅ ရက်သားငုံးအားဝယ်ယူမွေးမြူခြင်း

ငုံးမွေးမြူရာတွင် နှစ်ရက်သက်တမ်းရှိငုံးကလေးများအား ဝယ်ယူမွေးမြူပါက တစ်နေရာမှ တစ်နေရာသို့ပြောင်းရွှေ့သယ်ယူရာတွင်ခက်ခဲသည်။ အသေအပျောက်လည်းရှိနိုင်သည်၊ သယ်ယူရာတွင် အပူဓာတ်ရရှိစေရန်အတွက် သယ်ယူရာလမ်းတစ်လျှောက်တွင်အပူပေးရသဖြင့် အလုပ်ပိုရှုပ်စေသည်၊ အပူမပေးဘဲသယ်ယူပါကလည်း ငုံးကလေးများသေသွားနိုင်သည်။ ငုံးမွေးမြူသူများအနေဖြင့် ဝယ်ယူမွေးမြူမည်ဆိုပါက ၂၈ ရက်သားမီးလွတ်ငုံးပေါက်များကိုသာ ဝယ်ယူမွေးမြူသင့်သည်။ ၂၈ ရက်သားငုံးပေါက်ကလေးများအားဝယ်ယူမွေးမြူပါက အောက်ပါ အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ ယင်းတို့မှာ-

- ငုံးကလေးများကြီးထွားမှုညီခြင်း
- အရွယ်အစားတညီတည်းဖြစ်ခြင်း
- အစာကျွေးရာတွင် ကုန်ကျစရိတ်တူညီခြင်း
- ငုံးအိမ်တည်ဆောက်ရာတွင် တညီတည်း တည်ဆောက်ရ၍ လုပ်ငန်းတွင်ကျယ်ပြီး ကုန်ကျစရိတ်သက်သာခြင်း
- ဥသောအရွယ်သို့ရောက်သောအခါ တစ်ပြိုင်နက်ဥခြင်း
- ဥများတစ်ပြိုင်နက်ဥသဖြင့် ဥအများအပြားထုတ်လုပ်နိုင်ခြင်း

စသည့်အကျိုးကျေးဇူးများရရှိစေသည်၊ ငုံးများအတွက်သင့်လျော်သောအစာခွက်၊ ရေခွက်တို့ကိုစနစ်တကျပြုလုပ်မွေးမြူကြရမည်။

**ငုံးအတွက်စပ်စာပြုလုပ်ကျွေးခြင်း**

ငုံးကိုအစာကျွေးရာတွင် စပ်စာများကိုသာ အများအားဖြင့်ကျွေးကြသည်၊ အစာကိုစနစ်တကျကျွေးပါက ဥဥနှုန်းကောင်းပြီး ငုံးကောင်၏သက်တမ်းပိုရှည်သည်။ ငုံးများတွင်လိုအပ်သောအာဟာရဓာတ်ချို့တဲ့ပါက ဥဥနှုန်းကိုထိခိုက်စေနိုင်သည်။ ငုံးများအတွက် အစာအာဟာရကို အရွယ်အစားအလိုက် စပ်စာပြုလုပ်ကျွေးမွေးကြသည်။ ငုံးငယ်၊ ငုံးလတ်၊ ငုံးကြီးစသည်ဖြင့်ခွဲခြား၍ စပ်စာပြုလုပ်ကျွေးကြသည်။

စာမျက်နှာ ၂၆ သို့ ●

| အမျိုးအမည် | ငုံးငယ်စာ | ငုံးလတ်စာ | ငုံးကြီးစာ |
|---|---|---|---|
| ပြောင်းဖူးမှုန့် | ၄ ပေါင် | ၄ ပေါင် | ၃ ပေါင် |
| ဆန်ကွဲ | ၆ ပေါင် | ၃၀ ပေါင် | ၁၂ ပေါင် |
| နှမ်းဖတ်မှုန့် | ၂၀ ပေါင် | ၂၀ ပေါင် | ၂၄ ပေါင် |
| ပဲဖတ်မှုန့် | ၁၅ ပေါင် | ၁၀ ပေါင် | ၉ ပေါင် |
| ဖွဲနု | ၁၅ ပေါင် | ၁၀ ပေါင် | ၈ ပေါင် |
| ငါးမှုန့် | ၂၀ ပေါင် | ၁၅ ပေါင် | ၁၄ ပေါင် |
| ခရုမှုန့် | ၂ ပေါင် | ၃ ပေါင် | ၇ ပေါင် |
| ပုစွန်မှုန့် | ၁၀ ပေါင် | ၁၅ ပေါင် | ၁၃ ပေါင် |

● **စာမျက်နှာ ၂၅ မှအဆက်**

စသည်တို့ဖြစ်သည်။ ထိုစပ်စာအတွင်း ငါးကြီးဆီကိုလည်း ထည့်ကျွေးပေးနိုင်သည်။ ဖော်ပြပါအစာများတွင် သတ္တုဓာတ်၊ ပရိုတင်းဓာတ်နှင့်ဗီတာမင်ဓာတ်များပါဝင်သည်။ ကန်စွန်းရွက်၊ ဆလတ်ရွက်တို့ကိုလည်း သင့်လျော်သလို ချိန်ဆကျွေးမွေးနိုင်သည်။ အဓိကအားဖြင့် ရေဖြစ်သည်။ ရေမပြတ်အောင် ဂရုစိုက်ရမည်။ ရေသည်စားသမျှအစာကို ကြေညက်စေသည်။ ငုံးကောင်၏ခန္ဓာကိုယ်အပူချိန်ကိုဟန့်တားရာတွင် အထောက်အကူဖြစ်စေသည်။

**ဖြစ်တတ်သောရောဂါနှင့်ကာကွယ်နည်း**

ငုံးမွေးမြူရာတွင် အထက်ကစာရေးသူဖော်ပြခဲ့သည့် သိသင့်သည့်အချက်များ၊ နည်းစနစ်များကိုသိရှိလိုက်နာဆောင်ရွက်သော်လည်း ရောဂါကျရောက်ပါက သေဆုံးတတ်သလို ဥဥနှုန်းကိုလည်းထိခိုက်စေနိုင်သည်။ ထို့ကြောင့် စီးပွားဖြစ်ငုံးမွေးမြူသူများအနေဖြင့် ငုံးမှာကျရောက်တတ်သည့်ရောဂါများနှင့်ကာကွယ်နည်းများကိုလည်း သိထားဖို့လိုသည်။

**ဝမ်းရောဂါ** – ထိုရောဂါဖြစ်ပါက မှိုင်ကုပ်၍အစာမစားပေ။ မျက်နှာရောင်ခြင်း၊ အစိမ်းရောင်ဝမ်းသွားခြင်းလက္ခဏာများဖြစ်တတ်သည်။ ထိုရောဂါဖြစ်ပါက ရုတ်တရက်သေဆုံးခြင်းမျိုးဖြစ်တတ်သည်။ ထိုအခါ အစာနှင့်ရေအတွင်း တက်ထရာဆိုက်ကလင်းဆေးထည့်၍ကာကွယ်ကုသနိုင်သည်။

**အူရောင်ရောဂါ** – ထိုရောဂါသည် ငုံးခြံများ၏ဇီဝလုံခြုံရေးညံ့ခြင်း၊ ခြံသန့်ရှင်းမှုမရှိခြင်းတို့ကြောင့်ဖြစ်တတ်သည်။ ထိုရောဂါဖြစ်နေပါက မှိုင်နေခြင်း၊ အမွေးအတောင်ကျခြင်း၊ အစားပျက်၍အညိုရောင်နှင့်အဖြူရောင်ဝမ်းသွားခြင်းလက္ခဏာများတွေ့ရမည်။ ထိုအခါအမောက်စလင်ဆေးကိုဆေးညွှန်းအတိုင်းတိုက်ကျွေးပေးရပါမည်။

**လည်လိမ်ရောဂါ** – ထိုရောဂါသည် ကူးစက်မြန်သည်။ ရောဂါလက္ခဏာမပြဘဲ ရုတ်တရက်သေဆုံးတတ်သည်။ ထိုရောဂါဖြစ်ပါက ငုံးကောင်အသက်ရှူရာတွင် ခွဲသံကိုကြားရသည်။ မျက်နှာရောင်၍မျက်ရည်ကျသည်။ ထိုအခါဥဥချိန်ဆိုဥဥနှုန်းကျဆင်းသွားတတ်သဖြင့် အထူးသတိပြုရမည့်ရောဂါဖြစ်သည်။ အသက်ရှူခက်ခဲခြင်း၊ နှာရည်ကျခြင်း၊ မျက်စိနာခြင်း၊ အစိမ်းရောင်ဝမ်းသွားခြင်းတို့တွေ့ရသည်။ ထိုအခါ လည်လိမ်ရောဂါကာကွယ်ဆေးကို တိုက်ကျွေးပေးရပါမည်။

**သွေးဝမ်းကျရောဂါ** – ထိုရောဂါဖြစ်ပါက ငုံးကောင်များငြိမ်နေတတ်သည်။ အစာစားပျက်လာပြီး ကြီးထွားနှုန်းလည်းနှေးလာသည်။ အထူးသဖြင့် ဝမ်းသွားရာမှာသွေးပါလာသည်။ ထိုအခါသွေးဝမ်းကာကွယ်ဆေးကို သောက်ရေမှာရောထည့်၍ တိုက်ပေးရသည်။

အချုပ်အားဖြင့်ဆိုရလျှင် ယနေ့ ငုံးမွေးမြူခြင်းလုပ်ငန်းကို တွင်ကျယ်စွာလုပ်ကိုင်နေကြပြီဖြစ်သည်။ ငုံးဥသည် အာဟာရဓာတ်ကြွယ်ဝသဖြင့် လူကြိုက်များသည်။ ၂၈ ရက်သားမီးလွတ်ဝယ်ယူမွေးမြူပါက စရိတ်စကသက်သာသလို ကြက်ကဲ့သို့ မီးမပေးရသဖြင့် ကုန်ကျစရိတ်လည်းပိုသက်သာသည်။ ထို့ပြင် ငုံးဥသည် ဈေးကွက်ရှိသောဥတစ်မျိုးဖြစ်သည့်အတွက် စီးပွားဖြစ်မွေးမြူသင့်သည်။ ကမ္ဘာတစ်ဝန်းလုံးခြုံကြည့်ပါက ငုံးကိုမြန်မာနိုင်ငံတွင် စီးပွားဖြစ်မွေးမြူမှုမှာ သုည ဒသမ ၇ရာခိုင်နှုန်းအထိရှိကြောင်းသိရသည်။ ငုံးမွေးမြူခြင်းသည် ကာလတိုအကျိုးအမြတ်ရရှိသောမွေးမြူရေးဖြစ်သည်။ တရုတ်နိုင်ငံမှာ တစ်နှစ်လျှင်ငုံးဥ ၄၉၀၀၀၀ မက်ထရစ်တန်ချိန်အထိထုတ်လုပ်သည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ငုံးဥပေါင်း ၅၅၀၀၀ မက်ထရစ်တန်ခန့်ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ တစ်နိုင်ငံလုံး၏ ငုံးဥထွက်နှုန်း ၆၀ ရာခိုင်နှုန်းသည် ငုံးမွေးမြူရေးအများဆုံးလုပ်ကိုင်သည့် မုံရွာဘက်မှဖြစ်သည်။ ငုံးကိုဥထုတ်နိုင်သလို အသားလည်းထုတ်ယူရရှိသည့်အပြင် ငုံးချေးကိုမြေသြဇာအဖြစ်ပါ အသုံးပြုနိုင်သည်။ ထို့ကြောင့် စာရေးသူအနေဖြင့် ငုံးမွေးမြူမည့်သူများအတွက် ငုံးမွေးမြူရာတွင်သိရှိလိုက်နာသင့်သည်များကိုသိရှိနိုင်စေရန် လက်လှမ်းမီသလောက် လေ့လာတင်ပြလိုက်ရပါသည်။ ။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥဒည်ပန်းအဝိုင်းအနီး၊ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
INNWA BANK
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

# မတူညီသည့်သွင်းဂိုးအများဆုံးကစားသမားဆု ခြောက်ဆုဆွတ်ခူးနိုင်သော ပထမဆုံးကစားသမားအဖြစ် အမ်ဘတ်ပီမှတ်တမ်းဝင်




မက်ဒရစ် မေ ၂၇

ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘတ်ပီသည် ယခုဘောလုံးရာသီတွင် ဥရောပသွင်းဂိုးအများဆုံးကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုဆွတ်ခူးနိုင်ပြီးနောက် မတူညီသည့်သွင်းဂိုးအများဆုံးကစားသမားဆု ခြောက်ဆုဆွတ်ခူးနိုင်သော ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အမ်ဘတ်ပီသည် ယခင်က ပြင်သစ်လီဂူးပြိုင်ပွဲ၌ သွင်းဂိုးအများဆုံးကစားသမားဆု၊ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ သွင်းဂိုးအများဆုံးကစားသမားဆု၊ ချန်ပီယံလိဂ်ပြိုင်ပွဲ၌ သွင်းဂိုးအများဆုံးကစားသမားဆု၊ France Football မှ ပေးအပ်သည့် သွင်းဂိုးအများဆုံးကစားသမားဆုဖြစ်သော Gerd Muller Award တို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

အမ်ဘတ်ပီသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် စပိန်လာလီဂါပြိုင်ပွဲ၌ သွင်းဂိုးအများဆုံးကစားသမားဆုအပြင် သွင်းဂိုး ၃၁ ဂိုးဖြင့် ဥရောပသွင်းဂိုးအများဆုံးကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ကာ ဘောလုံးလောကတွင် မတူညီသည့်သွင်းဂိုးအများဆုံးကစားသမားဆုခြောက်ဆုကို ဆွတ်ခူးနိုင်သော ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အမ်ဘတ်ပီသည် ယခုဘောလုံးရာသီအစပိုင်းက ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းတွင် ခြေစွမ်းကောင်းများပြသကာ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲ၌ ၃၁ ဂိုးသွင်းယူနိုင်ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက်တွင်လည်း ပွဲဦးထွက်ဘောလုံးရာသီတွင် သွင်းဂိုး ၃၀ နှင့်အထက် သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# နာပိုလီအသင်းဥက္ကဋ္ဌ လော်ရန်တစ်က မန်စီးတီးအသင်းမှထွက်ခွာမည့် ကွင်းလယ်ကစားသမား ဒီဘရိုင်းကိုခေါ်ယူရန် ကမ်းလှမ်းမှုများလုပ်ဆောင်မည်ဖြစ်ကြောင်းအတည်ပြု

ရောမ မေ ၂၇

နာပိုလီအသင်းဥက္ကဋ္ဌ လော်ရန်တစ်က မန်စီးတီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ကွင်းလယ်ကစားသမား ဒီဘရိုင်းကိုခေါ်ယူရန် မကြာမီ ကမ်းလှမ်းမှုများလုပ်ဆောင်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ဒီဘရိုင်းသည် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်း၌ ၁၀ စုနှစ်တစ်ခုကြာကစားခဲ့ပြီးနောက် မကြာမီ အသင်းမှအလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သည်။

ဒီဘရိုင်းက မန်စီးတီးအသင်းမှထွက်ခွာရန်အတည်ပြုခဲ့ပြီးနောက် ၎င်းကို ဆော်ဒီထိပ်တန်းကလပ်အသင်းများနှင့် မေဂျာလိဂ်ထိပ်တန်းကလပ်အသင်းများက ခေါ်ယူလိုသော်လည်း ဒီဘရိုင်းကိုယ်တိုင်က ဥရောပ၌သာ ဆက်လက်ကစားလိုသည့်အတွက် ဥရောပမှ ထိပ်တန်းကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

အစောပိုင်းကတည်းက နာပိုလီအသင်းနှင့် ဒီဘရိုင်းတို့၏အပြောင်းအရွှေ့သတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လျက်ရှိကာ ဒီဘရိုင်း၏ဇနီးဖြစ်သူက နာပိုလီအသင်းအခြေစိုက်မြို့ဖြစ်သည့် အီတလီနိုင်ငံ နေပယ်မြို့၌ နေအိမ်ရှာဖွေမှု လုပ်ဆောင်နေသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး ယခုအခါတွင်လည်း နာပိုလီအသင်းဥက္ကဋ္ဌ လော်ရန်တစ်ကိုယ်တိုင်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းက ဒီဘရိုင်းကို သုံးနှစ်စာချုပ်ဖြင့် ကမ်းလှမ်းရန်စီစဉ်နေပြီး သုံးနှစ်စာချုပ်အတွက် ပထမနှစ်နှင့် ဒုတိယနှစ်တို့တွင် တစ်နှစ်လုပ်ခလစာ ယူရို ၆ သန်းပေးချေမည်ဖြစ်ကာ တတိယနှစ်အတွက် တစ်နှစ်လုပ်ခလစာ ယူရို ၅ သန်းပေးချေရန်စီစဉ်ထားပြီး မကြာမီ ကမ်းလှမ်းမှုများလုပ်ဆောင်မည်ဖြစ်သည်။ ထို့ပြင် ဒီဘရိုင်းကိုယ်တိုင်ကလည်း နာပိုလီအသင်းသို့ပြောင်းရွှေ့ရန် စိတ်ဝင်စားနေကြောင်း သိရသည်။

*Ref;B/R Football*

# မန်ယူအသင်းက တိုက်စစ်ကစားသမားကွန်ဟာကိုခေါ်ယူရန် သဘောတူညီမှုရရှိပြီး အသင်း၌ ကျောနံပါတ်(၁၀) ဝတ်ဆင်ကစားမည်



မန်ချက်စတာ မေ ၂၇

မန်ယူအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဝုဖ်အသင်းတိုက်စစ်ကစားသမား ကွန်ဟာကိုခေါ်ယူရန် သဘောတူညီမှုရရှိပြီး အသင်း၌ ကျောနံပါတ် (၁၀) ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် စံချိန်တင်ရလဒ်ဆိုးများနှင့် တွေ့ကြုံခဲ့ရပြီးနောက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် နည်းပြအမိုရင်က အသင်းကစားသမားစာရင်းကို အပြောင်းအလဲပြုလုပ်ရန်အတွက် အသင်းမှကစားသမားအများအပြားကိုရောင်းချကာ ကစားသမားသစ်များနှင့် အစားထိုးရန်ပြင်ဆင်နေပြီး လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပထမဆုံးကစားသမားခေါ်ယူမှုအဖြစ် ကွန်ဟာကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ကွန်ဟာသည် ၂၀၂၂ ခုနှစ်က အက်သလက်တီကိုအသင်းမှ ဝုဖ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကာ အသင်းနှင့်အတူ ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ပြိုင်ပွဲစုံ ၃၆ ပွဲပါဝင်ကစားခဲ့ရာ ၁၇ ဂိုးအထိသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်နိုင်သည်ထိ ခြေစွမ်းပြနိုင်သူဖြစ်သည်။

မန်ယူအသင်းက ကွန်ဟာကိုခေါ်ယူရန် အစောပိုင်းကတည်းက ကြိုးပမ်းနေခြင်းဖြစ်ပြီး ကွန်ဟာကိုယ်တိုင်ကလည်း လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိပြီးနောက် မန်ယူအသင်းနှင့် ဝုဖ်အသင်းတို့ကြား ပြောင်းရွှေ့ကြေးအတွက် ဆွေးနွေးမှုများဆက်လက်လုပ်ဆောင်ခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၂ ဒသမ ၅ သန်းပေးချေရမည်ဖြစ်သည်။

မန်ယူအသင်းတွင် ကျောနံပါတ်(၁၀)ကို ပြီးခဲ့သည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလက အက်စ်တွန်ဗီလာအသင်းထံ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သည့် ရက်ရှ်ဖို့ဒ်က ဝတ်ဆင်ခဲ့ခြင်းဖြစ်ပြီး လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်းက ရက်ရှ်ဖို့ဒ်ကို အသင်းထံပြန်လည်ခေါ်ယူမည်မဟုတ်ဘဲ ရောင်းချရန်ဆုံးဖြတ်ထားသည့်အတွက် ကွန်ဟာက ကျောနံပါတ်(၁၀)ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လေဗာကူဆင်အသင်းက နည်းပြသစ်အဖြစ် တန်ဟတ်ကို နှစ်နှစ်စာချုပ်ဖြင့်ခန့်အပ်

ဘာလင် မေ ၂၇

လေဗာကူဆင်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းသို့ပြောင်းရွှေ့ခဲ့သည့် နည်းပြအလွန်ဆို၏နေရာ၌ နည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြတန်ဟတ်ကို နှစ်နှစ်စာချုပ်ဖြင့်ခန့်အပ်ခဲ့ကြောင်း သိရသည်။

နည်းပြအလွန်ဆိုသည် လေဗာကူဆင်အသင်းအတွက် အောင်မြင်မှုများစွာရယူပေးနိုင်ပြီးနောက် အသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း ယခုဘောလုံးရာသီကုန်ဆုံးပြီးနောက် အသင်းနည်းပြရာထူးမှနုတ်ထွက်ကာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

နည်းပြတန်ဟတ်သည်လည်း ၂၀၂၄ ခုနှစ်အောက်တိုဘာလက မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရပြီးနောက် ပြီးခဲ့သည့်ဇန်နဝါရီလက ကလပ်အသင်းတချို့၏ ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ပြီး လာမည့်ဘောလုံးရာသီမှသာ နည်းပြလောကသို့ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းက နည်းပြအလွန်ဆို၏နေရာ၌အစားထိုးရန် နည်းပြတန်ဟတ်နှင့်ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၂၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံ များနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင်၅၇ ရက်မြောက်အဖြစ်ဈေးကား များဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ ကြောင်း သိရှိရသည်။

မေလ ၂၇ ရက်တွင်ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့်ခေါက်ဆွဲ ခြောက်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည် ဖြစ်သည်။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန် များ၊ လူသုံးကုန်များ၊ စားသောက်ကုန် များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စု နယ်မြေ (နေပြည်တော်) အတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်)ဖြင့်မေလ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ မေလ ၂၇ ရက်တွင် စစ်ကိုင်း မြို့၌ ဆန်၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ ပုစွန်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီနှင့် အသားတုတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ ပေးခဲ့ပြီး မန္တလေးမြို့၌ ဆန်၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥ နှင့် ခေါက်ဆွဲခြောက်တို့ကို သက်သာ သော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ ပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေး သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၂၇**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)


# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် မေ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု ဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့် အညီ ထိရောက်စွာ တားဆီးအရေးယူနိုင် ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မကွေး တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ **မေလ ၂၃ ရက်**တွင် မကွေးမြို့နယ်နှင့်ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ်၁၃၀၀၀၀၀)ကိုလည်းကောင်း၊ **မေလ ၂၆ ရက်**တွင် အောင်လံမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ သည်။

ထို့ပြင် **မေလ ၂၆ ရက်**တွင် ကချင် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင် ရွက်ခဲ့ရာ မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာ အနီးတွင် လိုင်စင်မဲ့ မော်တော်ယာဉ် (၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၁၃)ပီပါ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၁၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေ အရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၂၁၀၀၀၀၀)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံ မြို့နယ်၊ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ် ၌ သာမညမှ မော်လမြိုင်မြို့သို့ သွားရောက် မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော် ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၆၃)ပီပါ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၃၇၀၀၀၀)ကို ရေနံနှင့်ရေနံထွက် ပစ္စည်း ဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၉၃၇၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင် ခါးရှည် X-Ray စက်အနီး၌ ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော် ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၁၆၀၀၀)၊ အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ဘုရားကြီးမြို့၊ ရွှေသံလွင် တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ (၃ ဒသမ ၀၅၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၆၈၅၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၇၄၂၈၅၆)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရ မြို့နယ်၊ ရတနာပုံတံတား (နှာပေါက်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၉၆)ပီပါ၊ ဓာတ်ဆီ (၂၃)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၃၉၈၀၃၈)ကို ရေနံနှင့်ရေနံထွက်ပစ္စည်း ဆိုင်ရာဥပဒေအရ လည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပလိပ်မြို့အနီး၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၀၂၅၉၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၂)စီး၊ Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံး လုပ်နည်းများအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၆၄၂၃၉၃၈)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၊ ပုသိမ်မြို့နယ်၊ မြောင်းမြ မြို့နယ်နှင့် ဖျာပုံမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၄)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့ စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၂)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၃၇၅၆၄၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၃)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၂၃၁၈၄၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၈၈၂၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်နှင့် ၂၆ ရက်တို့ တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇၂) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၄၇၅၀၃၄)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန် သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင် ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများ သည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုး သက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ် – (1) 1T/PROCUREMENT/REINFORCED STEEL BAR/ASTM A615, Grade 60/2025–2026
(2) 2T/PROCUREMENT/P.C Wire & Accessories/2025–2026(Lot–1)
(3) 3T/PROCUREMENT/P.C Wire & Accessories/2025–2026(Lot–2)
(4) 4T/PROCUREMENT/P.C Wire & Accessories/2025–2026(Lot–3)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၂၅–၂၀၂၆)ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့် တံတားများတွင်အသုံးပြုရန်အတွက် သံချောင်းလုံးအရွယ်စုံ ASTM A615, Grade 60 များနှင့် P.C Wire & Accessories များအား ရန်ကုန်မြို့ရှိ တံတားလေးသိုလှောင်ဝန်းနှင့် ပျဉ်းမပင်စတို(နွယ်ခွေ)သိုလှောင်ဝန်း အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – (၂၉–၅–၂၀၂၅)ရက်နေ့(ရုံးချိန်အတွင်း)။

၃။ တင်ဒါပုံစံပိတ်သိမ်းမည့်ရက် – (၁၂–၆–၂၀၂၅)ရက်နေ့(ရုံးချိန်အတွင်း)။

၄။ (က) သံချောင်းလုံးနမူနာအား Lab သို့ နောက်ဆုံးပေးပို့ရမည့်ရက် – (၁၆–၆–၂၀၂၅)ရက်နေ့။

(ခ) P.C Wire & Accessories များ နမူနာနှင့် Mill Certificate နောက်ဆုံးပေးပို့ရမည့်ရက် – (၁၆–၆–၂၀၂၅)ရက်နေ့။

၅။ နမူနာသံချောင်းလုံးများ၏ Lab Test Result များ နောက်ဆုံးပေးပို့ရမည့်ရက် – (၂၀–၆–၂၀၂၅)ရက်နေ့။

၆။ တင်ဒါဖွင့်မည့်ရက် – (တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်အား အကြောင်းကြားပါမည်။)

၇။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် ဝယ်ယူနိုင်ပါသည်။

၈။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ်(၁၁) နေပြည်တော်**
**၀၉–၉၅၁၆၀၀၆၈၈**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ Hero ကိုယ်ပိုင်မူလတန်းကျောင်းမှ Grade–2 တွင် ပညာသင်ကြားနေသော မောင်မြတ်ဘုန်းခန့်၏ဖခင်အမည်မှန်မှာ ဦးဝေယံစိုး မှတ်ပုံတင်အမှတ် ၉/ပကခ(နိုင်)၀၁၈၉၀၇ ဖြစ်ပါကြောင်း။

**ဦးဝေယံစိုး**

### မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရဲဘော်ဟောင်းရပ်ကွက်နေ မရွှေရည်ဖြိုးမောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆–၂–၂၀၁၄ ဖြစ်ပါကြောင်း။

၁၆–၂–၂၀၁၄

### ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ မြဝတီရပ်ကွက်မှ မဖြူစင်ယွန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးချမ်းငြိမ်းအောင် ၁၃/မဖန(နိုင်)၀၃၂၅၁၃ ဖြစ်ပါကြောင်း။

**ဦးချမ်းငြိမ်းအောင်**

### ပျောက်ဆုံးကြောင်း

မကြူခွာ(ဘ)ဦးလှျိုခေါန်ရှန် ၁/မမန(နိုင်)၀၄၈၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 938009)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း

မောင်မင်းမင်းကို(ဘ)ဦးမြင့်သိန်း ၉/မကန(နိုင်)၁၀၈၈၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 872175)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း

ဦးအောင်အောင်(ဘ)ဦးသန်းဆွေ ၁၂/သဃက(နိုင်)၁၄၇၉၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 855207)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း

သီတာထွန်း(ဘ)ကျန်ထွန်းအောင် ၇/တငန(နိုင်)၁၃၅၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၁၇၉၀၃၉၁**

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.ကသိမ်ဆိပ်၊ Grade–8 မှ မဇင်ဇင်နှင်း၏ဖခင်အမည်မှန်မှာ ဦးဇော်ဇော်နိုင် ၁၀/ကဖန(နိုင်)၀၇၈၁၁၂ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်နိုင်**

### မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.ကသိမ်ဆိပ်၊ Grade–5 မှ မောင်လွင်ဝေယံထွန်း၏မိခင်အမည်မှန်မှာ ဒေါ်အေးစန္ဒာ ၁၀/မလမ(နိုင်)၃၀၇၃၆၅ ဖြစ်ပါကြောင်း။

**ဒေါ်အေးစန္ဒာ**

### ပျောက်ဆုံးကြောင်း

ကျော်ဇင်မိုး(ဘ)ဦးစိုးမြင့် ၇/လပတ(နိုင်)၁၄၈၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 064520)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ပွင့်ဖြူအေး(ဘ)ဦးဝေလင်း ၇/ရတရ(နိုင်)၁၃၇၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

စုစုမြင့်(ဘ)ဦးထွန်းမြင့် ၁၂/လမန(နိုင်)၁၃၅၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၄၈၀၅၃၂၇**

### ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

မဂ်လာဒုံမြို့နယ်၊ စမ်းကြီးရပ်ကွက်၊ ဂျိုးဖြူလမ်းနေ အထက(၅)မဂ်လာဒုံ၊ Grade 12 မှ မလင်းနန္ဒာအောင်၏ဖခင်ဦးနေလင်း(ခ)ဦးနန်းအောင် ၁၂/မဂဒ(နိုင်)၁၀၅၂၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးနေလင်း(ခ)ဦးနန်းအောင်**

### ပျောက်ဆုံးကြောင်း

စိုင်းထင်ဦး(ဘ)ဦးပေါင်းဆင် ၁၃/တကန(နိုင်)၁၄၉၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 726249)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၄၈၀၅၃၂၇**

### ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.ထ.က(၂)ကျောင်း၊ Grade–4 မှ မောင်ဘုန်းပြည့်ဦး၏ဖခင်အမည်မှန်မှာ ဦးအောင်မျိုးထိုက် ၇/ပခန(နိုင်)၂၆၉၂၂ ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးထိုက်**

### ပျောက်ဆုံးကြောင်း

ထွန်းထွန်းဇော်(ဘ)ဦးထွန်းမြင့်(ခ)ယပ်တင်လှိုင် ၇/ညလပ(နိုင်)၁၁၄၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

သဇင်ဦး(ဘ)ဦးထွန်းအောင် ၁၄/သသခ(နိုင်)၀၃၇၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 850911)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၉၃၉၁၉၀၈၈**

### အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်နေ အဘ ဦးလော်ရိမ်ရိုပ်၏သမီး မနှင်းနှင်းဝေအား ယနေ့မှစ၍ မနှင်းနှင်းထွေး ၉/မကန(နိုင်)၁၅၆၇၀၈ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနှင်းနှင်းထွေး**

### ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ ဖာပွန်မြို့၊ ခလယ်စီဒဲရွာနေ စောစယ်တော်(ဘ)ဦးစောကာမူး ၃/ဖပန(နိုင်)၀၃၈၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၈၂၆၉၃၃၇**

### ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ သဇင်လမ်းနေ ကိုကိုထွန်း(ဘ)ဦးစမိုင် ၃/မဝတ(နိုင်)၁၁၂၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၂၆၈၇၉၀၆**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၅–၂၀၂၆)ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ဗဟိုဆေးသိုလှောင်ရုံ(ရန်ကုန်)နှင့် နေပြည်တော်ဆေးသိုလှောင်ရုံတို့မှ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ပုံနှိပ်ပစ္စည်းများအား တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် – Tender.5.Transport(2025–2026)

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – ၂၉–၅–၂၀၂၅ ရက်နေ့

တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် – ၁၁–၆–၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၃၁၀၈၅/၀၆၇–၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## နေပြည်တော်၊ လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/ ၂၀၂၅-၂၀၂၆)

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လမ်းဦးစီးဌာန၊ ဥတ္တရခရိုင်၊ ဇေယျာသီရိခရိုင်နှင့် ပျဉ်းမနားခရိုင်တို့မှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်**(မြန်မာကျပ်ငွေဖြင့်)** လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူနိုင်ငံသားလုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – ၄–၆–၂၀၂၅(ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန် – ၁၈–၆–၂၀၂၅(၁၂:၀၀)နာရီ

၄။ အာမခံစပေါ်ငွေ(PO Cheque)တင်သွင်းရမည့်ရက် – ၁၉–၆–၂၀၂၅(၁၆:၀၀)နာရီ

၅။ တင်ဒါလျှောက်လွှာပုံစံလက်ခံမည့်နေ့ရက်နှင့်အချိန် – ၂၃–၆–၂၀၂၅ ရက်နေ့(၁၅:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန်

၆။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ် ဥတ္တရခရိုင်၊ လမ်းဦးစီးဌာန (၀၉–၂၅၄၅၄၅၅၅၀၊ ၀၉–၉၅၀၆၀၀၀၅၉)၊ ဇေယျာသီရိခရိုင်၊ လမ်းဦးစီးဌာန(၀၉–၆၉၂၂၄၈၆၂၆၊ ၀၉–၄၀၃၇၂၃၄၂၂)၊ ပျဉ်းမနားခရိုင်၊ လမ်းဦးစီးဌာန(၀၆၇–၅၅၀၃၂၈၊ ၀၉–၄၃၀၄၄၂၀၃)တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကောင်စီ**

### ပျောက်ဆုံးကြောင်း

ရွှေတောင်မြို့၊ ကျီးသဲအုပ်စုနေ အောင်အောင်(ဘ)ဦးလှဝင်း ၇/ရတန(နိုင်)၁၀၈၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မင်းမင်းထွေး(ဘ)ဦးလှထွေး ၁၄/သသခ(နိုင်)၀၁၁၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 773909)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၈၈၈၇၀၁၀၁**

### ပျောက်ဆုံးကြောင်း

ချမ်းမြေ့ကြည်(ဘ)ဦးတင်စု ၁၂/လသယ(နိုင်)၁၃၈၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 064859)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၇၀၄၉၃၃၅**

### ပျောက်ဆုံးကြောင်း

အရှုံး(ဘ)ဦးပေါင်ဆိန်း ၁၃/ကလတ(နိုင်)၀၄၇၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၈၈၅၁၁၈၈**

### ပျောက်ဆုံးကြောင်း

သီရိကျော်(ဘ)ဦးကျော်ကျော် ၁၂/အစန(နိုင်)၂၁၅၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၆၅၃၄၆၀၆**

### ပျောက်ဆုံးကြောင်း

သဇင်ဦး(ဘ)ဦးဇော်ဆန်း ၉/ဥတသ(နိုင်)၀၀၀၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 704533)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း

စိုင်းမိန်းခမ်း(ဘ)ဦးစိုင်းစံသိန်း ၁၃/သပန(နိုင်)၀၇၂၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၆၉၄၉၅၁၈၀**

### အစုရှယ်ယာလွှဲပြောင်းချခြင်းနှင့် ပတ်သက်၍ အသိပေး အကြောင်းကြားခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ MYANMAR LIFE HOTEL INVESTMENT COMPANY LIMITED ၏ အစုရှယ်ယာလွှဲပြောင်းချရန်ရှိပါသဖြင့် အစုရှယ်ယာရှင်များကို အသိပေးအကြောင်းကြားအပ်ပါသည်။

### ပျောက်ဆုံးကြောင်း

တာမွေမြို့၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ လမ်း(၁၆၀)၊ အမှတ်(၁၀)နေ အောင်သူထက်(ဘ)ဦးစိန်ခင် ၁၄/မမန(နိုင်)၁၈၂၁၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၀၀၅၄၇၅၄**

### ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၇)နေ သန့်ဇော်ထွန်း(ဘ)ဦးကျော်စိုး ၁၃/လရန(နိုင်)၁၅၄၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 755141)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၅၁၈၅၄၂၉**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၈)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရနိုးကြားရှင်သန်နေစေရန် အနုပညာစွမ်းပကားဖြင့် ပူးပေါင်းပါဝင်ပေးကြရန် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သော (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း**

စာ - ၃ သို့

## အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းချော်ကျပြီး လမ်းပိုင်းပျက်စီးခဲ့မှုအား ပြုပြင်ပြီးစီး၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန်ရထားများ ပြန်လည်ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် မေ ၂၇

ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၆၈၇)အစုန်ကျောက်ရထားလမ်းချော်ကျမှုဖြစ်ပွားခဲ့ပြီး သိမ်ဆိပ်နှင့် ဒုံဝန်းရထားလမ်းပိုင်းအား မေလ ၂၅ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရသဖြင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ပြေးဆွဲနေသော အမှတ် (၈၁)အဆန်/(၈၂)အစုန် လူစီးရထားများအား ယာယီရပ်နားခဲ့ရကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။


စာမျက်နှာ ၂၄ ကော်လံ ၁ ●

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်


နေပြည်တော် မေ ၂၇

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက် တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး၊ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၇-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၈-၅-၂၀၂၅ ရက်နေ့မှ ၂၉-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**အထူးမိုးလေဝသသတင်း**

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၇

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းရာမှအားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ၂-၆-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊

စာမျက်နှာ ၁၁ ကော်လံ ၁ ➤

**နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများအား လျှင်ဘေးဒဏ်သင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ**

စာ - ၆ သို့

MYAWADDY TRADING LIMITED





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် — စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257